မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၃)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှု အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာများ၊ နိုင်ငံရေးပါတီဆိုင်ရာများ၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် အတွင်းရေးမှူး ဦးဝင်းကိုတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ILO မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်ချက်အများစုကို ရုပ်သိမ်း

တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်း၊ ပယ်ဖျက်၊ ဆိုင်းငံ့ခြင်းတို့ကြောင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် EU နှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အထူးအကျိုးခံစားခွင့်များ ရရှိလာနိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်ချက်အများစုကို ရုပ်သိမ်းခြင်း

၁။ မြန်မာနိုင်ငံမှ အဓမ္မစေခိုင်းမှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ၁၉၉၉ ခုနှစ်၊ (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံနှင့် ၂၀၀၀ ပြည့်နှစ်၊ (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတို့မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်သော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဓမ္မစေခိုင်းမှုပပျောက်ရေးဆောင်ရွက်ချက်များကို (ILO) အုပ်ချုပ်ရေးအဖွဲ့ဝင် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းရေးဆွဲရေးကော်မတီ (Selection Committee) သည် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ဇွန်လ ၁၁ ရက်နေ့အထိ အသေးစိတ် လေ့လာသုံးသပ်ဆွေးနွေးခဲ့ကြပြီးနောက် ဆုံးဖြတ်ချက်မူကြမ်းကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်။

၂။ ညီလာခံတွင် (Selection Committee) မှ တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းကို တက်ရောက်လာကြသော အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အလုပ်ရှင်အဖွဲ့အစည်း ကိုယ်စားလှယ်များက တညီတညွတ်တည်း တစ်ခဲနက်ထောက်ခံခဲ့ကြသောကြောင့် ဆုံးဖြတ်ချက်သည် ၂၀၁၂ ခုနှစ်၊ ဇွန် ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ် (မြန်မာစံတော်ချိန် ည ၁၀ နာရီ မိနစ် ၄၀)တွင် အတည်ဖြစ်ခဲ့ပါသည်။

၃။ (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက အတည်ပြုခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မှ လိုရင်းအချက်များမှာ -

(က) ၁၉၉၉ ခုနှစ်၊ (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက်အားလုံးကို ရုပ်သိမ်းရန်၊

(ခ) ၂၀၀၀ ပြည့်နှစ်၊ (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက် ငါးချက်ရှိခဲ့ပါသည်။ ယင်းငါးချက်အနက် ကန့်သတ်ချက် အပိုဒ်ခွဲ(ဂ)ဖြစ်သော မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်စဉ်းစားသုံးသပ်ရန်အချက်၊ အပိုဒ်ခွဲ(ဃ)ဖြစ်သော မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂ ညီလာခံနှင့် ECOSOC အစည်းအဝေး၌ ဆုံးဖြတ်ချက်များ ချမှတ်ပေးရန်အချက်၊ အပိုဒ်ခွဲ(င) ဖြစ်သော မြန်မာနိုင်ငံက စုံစမ်းရေးကော်မရှင်၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများအား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ အစီရင်ခံရန်အချက်တို့ကို ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။ အပိုဒ်ခွဲ(ခ)ဖြစ်သော မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် လိုအပ်သော သုံးသပ်မှုများပြုလုပ်ရန် တားမြစ်ကန့်သတ်ချက်ကို တစ်နှစ်ဆိုင်းငံ့ရန် (Suspend) ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် အပိုဒ်ခွဲ(က)အရ ဆောင်ရွက်သော အထူးအစည်းအဝေး (Special Sitting)ကို ယခုကဲ့သို့ အဓမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသမျှ ရပ်စဲထားရန် ဖြစ်ကြောင်း (Selection Committee) အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြထားပါသည်။

(ဂ) လျင်မြန်စွာပြောင်းလဲနေသော မြန်မာနိုင်ငံအတွက် အခွင့်အရေးများ လက်လွတ်ဆုံးရှုံးမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့က မြန်မာနိုင်ငံအပေါ် နည်းပညာအကူအညီများ ဦးစားပေးဆောင်ရွက်ပေးသွားရန်နှင့် လိုအပ်သော ဘဏ္ဍာငွေအရင်းအမြစ်များကို အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများက ထည့်ဝင်ကြရန်၊

(ဃ) နိုင်ငံတော်အစိုးရသည် သတ်မှတ်ထားသော ရည်မှန်းချက်ကာလထက်စော၍ အဓမ္မစေခိုင်းမှုပပျောက်စေရန် ပူးတွဲမဟာဗျူဟာကို အလျင်အမြန် အကောင်အထည်ဖော်ရန်။

၄။ တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်း၊ ပယ်ဖျက်၊ ဆိုင်းငံ့ခြင်းတို့ကြောင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် EU နှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အထူးအကျိုးခံစားခွင့်များ ရရှိလာနိုင်ပါသည်။

၅။ (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ဦးဆောင်၍ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့မှ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကိုတွေ့ဆုံပြီး မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ပေါ်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ပြည့်စုံပီပြင်စွာ ဆွေးနွေးရှင်းလင်းခဲ့သဖြင့် မြန်မာပြည်သူပြည်သားများ၏ ကောင်းကျိုးအတွက် အကျိုးရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်ခြင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
၂၀၁၂ ခုနှစ်၊ ဇွန်လ (၁၃)ရက်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၁၄ ရက်)

တူညီသောဆန္ဒများမှသည်....

ယနေ့နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ရေးအတွက် အဓိက လိုအပ်ချက်နှစ်ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက် လျက်ရှိပေသည်။ ဦးစွာတိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပထမလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးလုပ်ငန်း စဉ်များ၌ အားလုံးပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့အတူ ဒုတိယလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန် လက်နက်ကိုင်အဖွဲ့အစည်း(၁၁)ဖွဲ့ရှိသည့်အနက် (၁၀)ဖွဲ့နှင့် ထိတွေ့ဆက်ဆံနားလည်မှုများရရှိနေပြီဖြစ်သည်။ ကျန်တစ်ဖွဲ့သည်လည်း မကြာမီ နားလည်မှု ရရှိတော့မည် ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးရရှိပြီးသည့်ဒေသများရှိ ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် ပြီး ဒေသတစ်ခုလုံး ဖွံ့ဖြိုးလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပေသည်။

ဤဆန္ဒသဘောထားများသည် ယနေ့နိုင်ငံတကာက မြန်မာနိုင်ငံအပေါ်ထားရှိသည့် ဆန္ဒသဘောထားနှင့် ထပ်တူညီမျှပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းက ထောက်ခံအားပေးလာခြင်းကပင် တူညီသောဆန္ဒပင်ဖြစ်၏။

ယခုအခါ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် **Peace Donor Support Group (PDSG)** ကို နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ဦးဆောင်ပြီး ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဤကဲ့သို့ အဖွဲ့အစည်းမျိုးစုံပါဝင် သော ငြိမ်းချမ်းရေးတည်ဆောက်မှုအကူအညီပေးရေး အစီအစဉ်ကို ယခင်ကဖွဲ့စည်းခဲ့ခြင်းမရှိပေ။ လက်ရှိ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသော နိုင်ငံရေးတိုးတက်မှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို အခြေခံ၍ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် သည် **Peace Donor Support Group** မှ ဦးဆောင်ဆက်သွယ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်အဖွဲ့အား ဇွန် ၁၂ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန **(MICC)** ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ၌ နော်ဝေနိုင်ငံသံအမတ်ကြီးက **PDSG** အဖွဲ့၌ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ အတွက် အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန် ယူထားကြောင်း၊ သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များအပေါ် အပြည့်အဝထောက်ခံ ပါကြောင်း ပြောကြားခဲ့သည်။ ထို့အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားက ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေမှ ကနဦး အမေရိကန်ဒေါ်လာ ငါးသန်းထည့်ဝင်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစတင်အကောင်အထည်ဖော်ချိန်တွင် ထပ်မံ ထည့်ဝင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ အလားတူ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးက အမေရိကန်ဒေါ်လာငါးသန်းနှင့် ဗြိတိန်သံအမတ်ကြီးက အမေရိကန်ဒေါ်လာငါးသန်း လောလောဆယ်ထည့်ဝင်ပြီး လာမည့် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ပေးအပ်ကူညီသွားမည် ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့ဌာနေ ကိုယ်စားလှယ်က ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များအတွက် ယူရိုငွေသန်း ၁၅၀ ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ်က ငွေကြေးနှင့်နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေးနွေးလျက် ရှိကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ လက်ရှိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ဆက်ဆံရေးတိုးတက်ကာ တူညီသောဆန္ဒများ၏ အကျိုးဆက်အဖြစ် မဝေးတော့ သည့် အနာဂတ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုများ ပိုမိုဖြစ်ထွန်းလာတော့မည်ဟု ယုံကြည်မိ ပါသည်။ ။

ညောင်ဦး-မြင်းခြံလမ်း၊ မြင်းခြံ-နွားထိုးကြီး-ရေဝန်းလမ်းပိုင်း B.O.T စနစ်ဖြင့် ကုမ္ပဏီများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇွန် ၉ ရက် မွန်းလွဲပိုင်းက ပခုက္ကူမြို့မှတစ်ဆင့် ညောင်ဦး-မြင်းခြံလမ်း၌ မြတ်နိုးသူကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများနှင့် မိုင်တိုင်အမှတ် (၂၀/၆)နှင့် (၂၀/၇)အကြား၌ ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ကျောက်၊ ကတ္တရာ၊ စက်သုံးဆီများ အရည်အသွေးပြည့်မီရန်၊ သတ်မှတ်ထားသော လမ်းအကျယ်အတိုင်း ဆောင်ရွက်ရန်၊ မိုင်တိုင်များ စနစ်တကျစိုက်ထူထားရှိရန်နှင့် လမ်းဘေးဝဲ/ယာ ရေမြောင်းများနှင့် ကန့်လန့်ဖြတ်ရေမြောင်းများ ဖောက်လုပ်ထားရှိရန် မှာကြားသည်။

ထို့နောက် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြင်းခြံခရိုင်အင်ဂျင်နီယာမှူးရုံး၌ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများ၊ B.O.T စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး GULF POWER ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြင်းခြံ-နွားထိုးကြီး-ရေဝန်းလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၀ ရက်တွင် မန္တလေးမြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျံကျဈေးသည်သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်

ရေကြည် ဇွန် ၁၃

ပုသိမ်ခရိုင် ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပျံကျဈေးသည်များ၏ သားသမီး ၄၇ ဦးအား ကျောင်းဝတ်စုံ ပေးအပ်ပွဲ အခမ်းအနားကို ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ပျံကျဈေးသည်သားသမီး ၄၇ ဦးအတွက် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

မင်းဇော်ဦး (ရေကြည်)

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

ဆီဆိုင် ဇွန် ၁၃

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှပျံကျဈေးသည်များနှင့် အနေးယာဉ်မောင်းများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက အဆိုပါရုံး၌ ကျင်းပရာ မူလတန်းကျောင်းသား ကျောင်းသူ ၆၀၊ အလယ်တန်း ၅၂ ဦး၊ အထက်တန်း ၂၂ဦးတို့ကို ကျောင်းဝတ်စုံ တစ်စုံနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၈၁၂၅၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မေ ၂၂ရက်က ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာသို့ ဒေါ်ဆွေလေးမော် (စဖြနှစ်)အား ရည်စူး၍ ပြင်ဦးလွင်မြို့နေ ဦးအောင်ဖေနှင့် မိသားစုက အလှူငွေကျပ် နှစ်သိန်းနှစ်သောင်း လှူဒါန်းရာ အတွင်းရေးမှူး ဦးငွေသိန်းနှင့်အဖွဲ့ဝင် ဦးအေးတို့ လက်ခံယူစဉ်။ (၄၀၆)

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Ho-Chi Minh City Investment and Trade Promotion Center (ITPC) မှ ဦးဆောင်၍ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင် ၈၉ ဦးခန့်ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရန်ကုန်မြို့ရှိ ဗီယက်နမ်သံရုံးတို့ ပူးပေါင်း၍ မြန်မာ-ဗီယက်နမ် စီးပွားရေး လုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များသည် စားသောက်ကုန်လုပ်ငန်းနှင့် အချိုရည်လုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းလုပ်ငန်း၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ ဈေးကွက်လေ့လာရေးနှင့် အကြံပေးလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ကုန်စည်သေတ္တာလုပ်ငန်း၊ ရုပ်ရှင်ရုံဆိုင်ရာပစ္စည်းများ၊ ဓာတ်မြေသြဇာလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ ရေသန့်စင်ခြင်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ စာရေးကိရိယာလုပ်ငန်း အစရှိသော လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် အသင်းချုပ် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန ဖုန်း-၂၄၃၄၄ မှ ၂၄၃၃၄၉ လိုင်းခွဲ-၁၂၀၊ ၁၂၂ တို့သို့ ဇွန်၁၄ ရက် နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖျာပုံ၌ဟောပြော

ဖျာပုံ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဖျာပုံခရိုင်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် ပညာပေးဟောပြောပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့ အထက(၂) ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဖျာပုံခရိုင် ယာဉ်ထိန်းတာဝန်ခံရဲအုပ်ချစ်စိန်နှင့်အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောကြသည်။

အလားတူ ဖျာပုံခရိုင်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေး၊ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အထက(၁)နှင့် အထက(၃)တို့၌လည်း အသိပညာပေး ဟောပြောခဲ့ကြသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးကာလများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ညောင်ရွှေမြို့၌ အင်းခရမ်းသီးဈေးကောင်းရ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သန်းထိုက်

ညောင်ရွှေ ဇွန် ၁၃

ညောင်ရွှေမြို့သည် အင်းလေးကန်ဒေသ၏ တံခါးပေါက်ဖြစ်၍ နိုင်ငံခြားခရီးသွားတို့ဖြင့် စည်ကားလျက်ရှိသည်။ ထို့အပြင် မြို့အဝင် သာစည်ကန် ပြုပြင်ဆောင်ရွက်ထားခြင်းကြောင့် မြို့အလှမှာ ပိုမိုဆွဲဆောင်လျက်ရှိသည့်အပြင် အင်းမှထွက်ရှိသမျှ သီးနှံမျိုးစုံ သိုလှောင်ဖြန့်ချိရာဒေသဖြစ်သည့်အတွက် ရာသီမပြတ်ထွက်ရှိသော အင်းခရမ်းချဉ်သီးနှင့်အတူ အင်းခရမ်းသီးသည်လည်း မြန်မာပြည်တစ်နံတစ်လျားတွင် နေရာယူလျက်ရှိပေသည်။

အင်းခရမ်းသီးစိုက် တောင်သူများ တစ်ပိဿာ ငွေကျပ် ၁၀၀ ဖြင့် ဈေးရနေပြီး ဈေးထပ်မံတက်နိုင်သည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိသည်။ အင်းခရမ်းသီးကို တပို့တွဲလမှစ၍ နှစ်စဉ်စိုက်ပျိုးကြပြီး အင်းလေးအရှေ့ ၁၀ ရွာ၊ အနောက် ၁၀ ရွာတို့မှ အများဆုံး စိုက်ပျိုးထွက်ရှိကာ ထိုင်ဝမ် (၇၂) မျိုးကို အများဆုံးစိုက်ပျိုးကြသည်။ အလုံးသွယ်၍ ရှည်ပြီး အခွံနူးညံ့ပျော့ပျောင်းသဖြင့် ပုစွန်ခြောက်၊ ဝက်သားနှင့် လိုက်ဖက်သည့် အင်းခရမ်းသီးသည် တန်ခူးမတိုင်မီ ၁၀ ရက်မှ ဝါခေါင်လဆန်းထိ ထွက်ရှိလေသည်။

အင်းခရမ်းမျိုးစေ့တစ်ထုပ်လျှင် ခရမ်းသီး အချိန် ၂၀၀ ထွက်သဖြင့် မျိုးစေ့အထုပ် ၂၀ အထိ စိုက်ပျိုးကြသည်။ ငါးရက်တစ်ပတ် ခူးဆွတ်တင်ပို့ပြီး ပွဲရုံမှ ၄၅ ပိဿာဝင်အိတ်များကို ၁၂ ဘီးကားဖြင့် အိတ် ၁၅၀ မှ ၂၀၀ အထိ တင်ဆောင်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပျဉ်းမနား၊ ပဲခူးမြို့ကြီးများသို့ တင်ပို့ကြသည်။ နယ်များသို့ ဟိုင်းလတ်ကားဖြင့် ကုန်ချိန်ပိဿာ တစ်သောင်းမှ တစ်သောင်းခွဲထိ တင်ပို့လျက်ရှိသည်။ ပွဲရုံမှ တစ်ပိဿာ ငွေကျပ် ၁၀၀ ကောက်၍ နယ်သို့ ကျပ် ၁၃၀ ဖြင့် ပြန်လည်တင်ပို့ခဲ့သည်။ ယမန်နှစ်က တစ်ပိဿာငွေကျပ် ၅၀၀ အထိ အင်းခရမ်းသီးဈေးရခဲ့ခြင်းကြောင့် အင်းတောင်သူများ စက်လှေဝယ်၊ အိမ်ဆောက်နိုင်ခဲ့ကြကြောင်း၊ အချိန် ၄၅ ပိဿာဝင်အိတ်တစ်လုံးလျှင် အိတ်သွတ်၊ အိတ်ချုပ်ခ ငွေကျပ် ၅၀၀ ရ၍ အလုပ်သမားတစ်ဦးလျှင် တစ်နေ့ကျပ်တစ်သောင်းကျော် ဝင်ငွေရှိကြောင်း၊ စက်လှေတင်ခ တစ်ပိဿာ ငွေကျပ် ၁၃၀ ရသောကြောင့် စက်လှေပိုင်ရှင်များ အနိမ့်ဆုံး ကျပ်တစ်သောင်းကျော် ဝင်ငွေရသည့်အတွက် ဤခရမ်းရာသီသည် ငွေရှင်သောအချိန်ဖြစ်ကြောင်း ညောင်ရွှေစက်လှေဂိတ်မှ ခရမ်းသီးပွဲရုံပိုင်ရှင် ဦးမြင့်ငွေက ဆိုသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ကမ္ဘာ့ဘဏ်၊အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ Country Director ဦးဆောင်သောအဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ကမ္ဘာ့ဘဏ်၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ Country Director Mrs. Annette Dixon ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ကမ္ဘာ့ဘဏ်ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းအခြေအနေများ၊ မြန်မာနိုင်ငံဒီမိုကရေစီရှင်သန်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်စေရန်အတွက် ကူညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူသောအဖွဲ့ဝင်များ၏ စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍမျိုးစုံ၌ ကမ္ဘာ့ဘဏ်မှ ကူညီပံ့ပိုး ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ ငွေကြေးချေးငွေနှင့်နည်းပညာအကူအညီများပေးရန် ရေတိုရေရှည်စီမံကိန်းများနှင့် မဟာဗျူဟာစီမံကိန်းများဆိုင်ရာများ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအတွက် ကမ္ဘာ့ဘဏ်အနေဖြင့် အတွေ့အကြုံရှိစွာ ပါဝင်ကူညီဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ကမ္ဘာ့ဘဏ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ Country Director, Mrs. Annette Dixon ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၃

Champion Challenge Cup 2012 ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဇမ္ဗူသီရိအားကစားဇုန်၊ ပေါင်းလောင်းအားကစားပြိုင်ပွဲရုံ၊ လယ်ဝေးအားကစားလေ့ကျင့်ရေးဇုန်နှင့် နေပြည်တော်မြို့တော်ဂေါက်ကွင်းတို့၌ ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နံနက် ၉ နာရီတွင် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဇမ္ဗူသီရိအားကစားဇုန်၌ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမျိုးသမီး ကီလို ၂၀ တစ်ဦးချင်းစံချိန်ပြု စက်ဘီးပြိုင်ပွဲနှင့် အမျိုးသားကီလို ၄၀ တစ်ဦးချင်း စံချိန်ပြု စက်ဘီးပြိုင်ပွဲများ တာဝေးအားကစားနည်းများ ကွပ်ကဲမှုရုံးရှေ့မှ တာလွှတ်နေမှုကို လည်းကောင်း၊ အမျိုးသား ၅၆ ကီလိုတန်း၊ အမျိုးသမီး ၄၈ ကီလိုနှင့် ၅၃ ကီလိုတန်းနှင့် အမျိုးသား ၆၂ ကီလိုတန်း အလေးမပြိုင်ပွဲများ နေပြည်တော် ပေါင်းလောင်းအားကစားပြိုင်ပွဲရုံ၌ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသား ၄၅-၅၀ ကီလိုတန်း၊ ၅၀-၅၅ ကီလိုတန်း၊ ၅၅-၆၀ ကီလိုတန်း၊ ၆၀-၆၅ ကီလိုတန်းပြိုင်ပွဲများ၊ အမျိုးသမီး ၄၅-၅၀ ကီလိုတန်းနှင့် ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲများ နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးဇုန်ရှိ ပန်ကြပ်ဆီလပ်အားကစားလေ့ကျင့်ရေးရုံ၌ ယှဉ်ပြိုင်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း Champion Challenge Cup 2012 ပြိုင်ပွဲ ပန်ကြပ်ဆီလပ်ပွဲစဉ်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆွီဒင်နိုင်ငံ သော္ဂသမမြောက် ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးကျော်မျိုးထွင့်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၄

ယူနိုက်တက်ကင်းဒမ်းနှင့်မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇွန် ၄ ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သော္ဂသမမြောက် ကား(လ်)ဂူစတပ်(ဖ်) ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား နော်ဝေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် နော်ဝေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံအတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပထမအကြိမ်ညီလာခံအတွက် ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး (ကမ္ဘောဇဘဏ်လီမိတက်) နှင့် ဒေါက်တာ ဒေါ်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ-ဒေါ်သိန်းဆိုင်(ဆရာမကြီးမမြတ်လေး) မြတ်လေးရုံမိသားစုက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)က ငွေကျပ် ခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ အမှတ် (၅၂၉/၅၃၁) စာပေဗိမာန် (ဒုတိယထပ်) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇ နှင့် ၀၁-၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ **(မောင်ခိုင်ခန့်)**

ထောက်ပံ့ပေးအပ်

ဇွန် ၆ ရက်က မင်းလှမြို့နယ်တွင် ပျံ့ကျဈေးသည်နှင့် အနေးယာဉ်မောင်းများ၏ ကျောင်းနေအရွယ်သားသမီးများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိက ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းသိန်းနှင့် ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် အရှေ့ကြို့ကုန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၀ ရက်က ရပ်ကွက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်စဉ်။ (၀၃၁)

မောင်းရင် တီဗွီမကြည့်နဲ့ တီဗွီကြည့်ရင် မမောင်းနဲ့

ရန်ကုန် ဇွန် ၁၃

ခရီးသည်တင်ယာဉ်များ၌ "မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့" ဟူသော နှိုးဆော်ချက်များ ကပ်ထားသည်ကို တွေ့မြင်ရသကဲ့သို့ ဇွန် ၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌လည်း အမှတ်(၃၄)အထူးလိုင်းကားစီးလာစဉ် ယာဉ်မောင်းမှာ ယာဉ်မောင်းစဉ် တစ်ချက်တစ်ချက် အိပ်ငိုက်သွားသဖြင့် ရင်တထိတ်ထိတ်နှင့် ဘုရားစာရွတ်ပြီး လိုက်ခဲ့ရပုံကို "မောင်းရင်မငိုက်နဲ့ ငိုက်ရင်မမောင်းနဲ့" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရသည်။

ထို့အတူ ရန်ကုန်မှ မန္တလေးသို့မောင်းနှင်လာသည့် ခရီးသည်တင်အဲယားကွန်းယာဉ်မှ ယာဉ်မောင်းသည် ယာဉ်ကိုအရှိန်ဖြင့်မောင်းနေစဉ် ယာဉ်နောက်လိုက်များနှင့်အတူ ယာဉ်မောင်းရှေ့ ဒက်ရှ်ဘုတ်ပေါ်ရှိ မော်နီတာတီဗွီကိုကြည့်ပြီး မောင်းသဖြင့် ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့ပြီး ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ သေဆုံးခဲ့သောကြောင့် မန္တလေးမြို့ ကျွဲဆည်ကန်အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းမှ ရန်ကုန်သို့ထွက်ခွာမည့် ခရီးသည်တင်အဲယားကွန်းယာဉ်များရှိ ဒက်ရှ်ဘုတ်ပေါ်တွင် တင်ထားသော မော်နီတာတီဗွီများကို ဖြုတ်သိမ်းရန် တိုင်းဒေသကြီး ယာဉ်လိုင်းများကြီးကြပ်ကွပ်ကဲမှုကော်မတီ(အဝေးပြေး)က ညွှန်ကြားထားသည်ဟု သိရှိရသည်။

အဝေးပြေးခရီးသည်တင်ယာဉ်များ၌ ခရီးသည်များ အပြင်းပြေစေရန် ဖျော်ဖြေမှုတစ်ခုအနေဖြင့် တီဗွီများတပ်ဆင်ထားပြီး ခရီးသည်များအား ရုပ်ရှင်ဇာတ်ကားများဖြင့် ခရီးစဉ်တစ်လျှောက် ပြသဖျော်ဖြေကြသည်။ ယာဉ်မောင်းများကလည်း ဒက်ရှ်ဘုတ်ပေါ်ရှိ မော်နီတာတီဗွီကို အိပ်ချင်ပြေကြည့်ပြီး ကားမောင်းသဖြင့် အထက်ပါကဲ့သို့ မလိုလားအပ်သောဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများရှိ အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၌ ယာဉ်မောင်းအနီးတွင် Portable DVD/ TV Player များ တပ်ဆင်ထားကြပြီး ယာဉ်မောင်းစဉ် ရုပ်ရှင်ဇာတ်ကားများကြည့်ကာ မောင်းနှင်နေသည်ကို တွေ့မြင်နေရသည်။ စီးနင်းလိုက်ပါလာကြသူများမှာ ရင်တထိတ်ထိတ်ဖြင့် စီးနင်းနေကြရသည်။ ထို့အတူ လက်တစ်ဖက်က လက်ကိုင်ဖုန်းဖြင့် စကားပြောပြီး အခြားလက်တစ်ဖက်က ကားစတီယာရင်ကိုကိုင်ကာ ကားမောင်းနေသည်ကိုလည်း အသည်းယားဖွယ် တွေ့မြင်နေရသည်။

ထို့ကြောင့် "မူးရင်မမောင်းနဲ့ မောင်းရင်မမူးနဲ့"၊ "မောင်းရင်မငိုက်နဲ့ ငိုက်ရင်မမောင်းနဲ့" ဆောင်ပုဒ်အပြင် "မောင်းရင်တီဗွီမကြည့်နဲ့ တီဗွီကြည့်ရင် မမောင်းနဲ့"၊ "မောင်းရင်ဖုန်းမပြောနဲ့ ဖုန်းပြောရင်မမောင်းနဲ့" ဟုလည်း ထပ်လောင်းဖြည့်စွက်ချင်ပါသည်။ "ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်း၏" ဟု ကျန်းမာရေး၌ ဆောင်ပုဒ်ရှိသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများအားလည်း အန္တရာယ်ဖြစ်မှ အရေးယူခြင်းထက် အန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတို့ကို ပိုမိုဆောင်ရွက်ပေးကြပါရန် ဆန္ဒပြုအပ်ပါသည်။ **(ညွှန့်သန်း)**

အက်ပဲလ်ကုမ္ပဏီ၏ ပထမဆုံးထုတ်ကွန်ပျူတာ နယူးယောက်၌ လေလံတင်ရောင်းချမည်

နယူးယောက် ဇွန် ၁၃

အက်ပဲလ်ကုမ္ပဏီက ပထမဆုံး ထုတ်လုပ်ခဲ့သည့် ကွန်ပျူတာတစ်လုံးကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၁၅ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၁၈၀၀၀၀ ခန့် ရရှိမည်ဟု ဆိုသီဘိုင်လေလံရောင်းချရေးအဖွဲ့က ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကွန်ပျူတာကို အက်ပဲလ်ကုမ္ပဏီက ၁၉၇၆ ခုနှစ်၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာကျော်အက်ပဲလ် ကွန်ပျူတာများအဖြစ် ရောက်ရှိလာစေသည့် ပထမဆုံး ထုတ်လုပ်ခဲ့သော ကွန်ပျူတာလည်းဖြစ်သည်။ ယင်းကွန်ပျူတာကို အက်ပဲလ်ကုမ္ပဏီမှ ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သည့် စတီဗ်ဂျော့စ်က သူ၏ မွေးနေ့အမှတ်တရအဖြစ် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အက်ပဲလ်ကုမ္ပဏီပူးတွဲတည်ထောင်သူ စတီဗ်ဝေ့ါဇ်နက်က စျေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် ယင်းအမျိုးအစားကွန်ပျူတာများကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အသုံးပြုနိုင်

ယင်းကွန်ပျူတာသည် ကွန်ပျူတာအခြေခံသုံးစွဲသူများအတွက် ဘက်စုံအသုံးပြုနိုင်သည့် ကွန်ပျူတာအမျိုးအစားလည်းဖြစ်ပြီး အက်ပဲလ်ကွန်ပျူတာများ၏ ကနဦးအခြေပြု ကွန်ပျူတာတစ်လုံးလည်းဖြစ်ခဲ့သည်။

၎င်းကွန်ပျူတာကို အခြေပြုထုတ်လုပ်ခဲ့သည့် အက်ပဲလ်ကွန်ပျူတာများကို ၁၉၇၆ ခုနှစ် ဇူလိုင်က စတင်ရောင်းချခဲ့ရာတွင် ကွန်ပျူတာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၆၆၆ ဒသမ ၆၆ ဒေါ်လာဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ကုန်းနှင့်ရေနှစ်မျိုးစလုံးမောင်းနှင်နိုင်သည့် မီးခိုးလုံးဝမထွက်သော မော်တော်ကားထုတ်လုပ်

ပေကျင်း ဇွန် ၁၃

တရုတ်နိုင်ငံ ချန်ဒူမြို့မှ အမျိုးသမီးတစ်ဦးက ဒီဇိုင်းပုံစံပြုလုပ်ကာ တီထွင်ထုတ်လုပ်ထားသည့် မြေပြင်နှင့်ရေပြင်နှစ်မျိုးစလုံးမောင်းနှင်နိုင်သော မော်တော်ကားငယ်တစ်စီးကို ပေကျင်းမြို့၌ မောင်းနှင်ပြသခဲ့ကြောင်း ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါမော်တော်ကားငယ် **(ယာပုံ)**ကို ဝမ်ကျိရာအမည်ရှိ အမျိုးသမီးငယ်တစ်ဦးက ဒီဇိုင်းထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ကားအမျိုးအစားဖြစ်သည်။ လျှပ်စစ်စွမ်းအင်ဖြင့် မောင်းနှင်ခြင်းဖြစ်ပြီး မီးခိုးလုံးဝမထွက်သည့် ကားအမျိုးအစားဖြစ်သည်။

တည်ဆောက်ထား

၎င်းကားငယ်သည် မြေပြင်နှင့်ရေပြင်နှစ်မျိုးစလုံးတွင် မောင်းနှင်နိုင်ပြီး နှစ်ယောက်စီး မော်တော်ကားအမျိုးအစားဖြစ်ကာ ဖောက်ဝက်စ်ဝွန်ကားကုမ္ပဏီမှ စျေးကွက်၌ဖြန့်ဖြူးရန် ဆက်လက်ထုတ်လုပ်သွားရေး ညှိနှိုင်းလျက်ရှိသည်။ ကားဘီးပုံသဏ္ဌာန်ဖြစ်သည့် ယင်းကားငယ်၏ကိုယ်ထည်ကို မှန်များ ၇၅ ရာခိုင်နှုန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ မော်တော်ကားမောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူတို့နှစ်ဦးစလုံး ပတ်ဝန်းကျင်ကိုမြင်ကွင်းကောင်းစွာလေ့လာနိုင်ရန် တည်ဆောက်ထားသည်။

ယင်းမော်တော်ကားသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထွက်ရှိမှုမရှိသဖြင့် စျေးကွက်တွင် ဝယ်လိုအားများမည်ဖြစ်ကြောင်း တရုတ်အမျိုးသမီး ဝမ်ကျိရာကပြောကြားသည်။ **(အင်တာနက်)**

အီတလီနိုင်ငံ ဗင်းနစ်မြို့၌ လေဆင်နှာမောင်းတိုက်ခတ် နေအိမ်အဆောက်အအုံအများအပြား ပျက်စီးခဲ့

ရောမ ဇွန် ၁၃

အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့်လာဂွန်းမြို့တို့တွင် ဇွန် ၁၃ ရက်က အင်အားပြင်းထန်သော လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အိမ်နှင့်အဆောက်အအုံ အများအပြားပျက်စီးခဲ့ကြောင်း အီတလီအရာရှိများက ပြောကြားသည်။

အဆိုပါ လေဆင်နှာမောင်းကြောင့် သစ်ပင်များပြိုလဲကာ အီတလီနိုင်ငံ ဗင်းနစ်မြို့မြောက်ပိုင်းတွင် ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ဆာတိုဆာ၊ စိန်အီရက်စ်မို၊ စိန့်အီလီနာမြို့များနှင့် လာဂွန်းမြို့များ၌လည်း လေဆင်နှာမောင်းဒဏ် ကြုံတွေ့ခံစားခဲ့ရသည်။

ဗင်းနစ်မြို့တွင်း၌ အိမ်များပျက်စီးသည့်အပြင် ရွက်လှေများလည်းပျက်စီးခဲ့ကြောင်း **(ဝဲပုံ)**၊ ရွက်သင်္ဘောတစ်စင်းပေါ်မှ ကလေးငယ် ၁၅ ဦးအား ရဲတပ်ဖွဲ့က ကယ်ဆယ်ခဲ့ရကြောင်း၊ ၎င်းတို့သည် လေဆင်နှာမောင်းကြောင့် ကုန်ပစ္စည်းအများအပြားအကြား ပိတ်မိနေခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီတလီနိုင်ငံတွင် ၁၉၇၀ ခုနှစ်က အင်ကင်းအမည်ရှိ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ၂၀ ဦး သေဆုံးခဲ့ပြီး နောက်ပိုင်း ယခုလေဆင်နှာမောင်းတိုက်ခတ်မှုမှာ အဆိုးရွားဆုံးဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ပိုလီယိုရောဂါသစ်တစ်မျိုးဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် ပိုလီယိုရောဂါသစ်တစ်မျိုးဖြစ်ပွားလျက်ရှိကြောင်း၊ ယင်းဒေသ၌ ကလေးငယ်စုစုပေါင်း ၁၅၀၀၀၀ ကျော် နေထိုင်လျက်ရှိသည်ဖြစ်ရာ ကလေးငယ်များအနေဖြင့် အသက်သေစေနိုင်သော ၎င်းဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုကို ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇွန် ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပြည်နယ်တွင်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးအေဂျင်စီတစ်ခု၌ ၎င်းပိုလီယိုဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသည့် ကလေးငယ်ရှစ်ဦးခန့်ရှိကြောင်း၊ တစ်ဦးမှာ တီရက်မြို့မှဖြစ်ပြီး အခြားခုနစ်ဦးမှာ ဘာရာမြို့မှဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ ခိုင်ဘာပြည်နယ်သည် အာရှဒေသတွင် ပိုလီယိုရောဂါသစ်ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်အမျိုးအစား(၁)နှင့် ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား(၃)တို့ ဖြစ်ပွားသည့် တစ်ခုတည်းသောနေရာ ဖြစ်သည်။ ယခုအခါ ခိုင်ဘာပြည်နယ် တီရက်မြို့ အကာခီလ်အရပ်တွင် နေထိုင်သော နိုရာဂျန်အမည်ရှိ မိခင်မှ မွေးဖွားထားသော အသက် ၂၃ လအရွယ် သမီးငယ် ဇာဘီရာသည် ပိုလီယို ဗိုင်းရပ်စ်အသစ် ကူးစက်ခံထားရသည့် နောက်ဆုံးကလေးငယ်ဖြစ်သည်။

ယင်းဗိုင်းရပ်စ်သစ်ကို စောစီးစွာ မတိုက်ဖျက်နိုင်ပါက ရေရှည်တွင် ကလေးငယ်များ အသက်အန္တရာယ်စိုးရိမ်ရကြောင်း သတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

ဂျော်ဒန်နိုင်ငံတွင် ယူရေနီယံတန် ၂၀၀၀၀ ကျော်ရှာဖွေတွေ့ရှိ

ဂျော်ဒန် ဇွန် ၁၃

ဂျော်ဒန်နိုင်ငံအတွင်း ယူရေနီယံတန်ပေါင်း ၂၀၀၀၀ ကျော်ကို ရှာဖွေတွေ့ရှိထားကြောင်း ဂျော်ဒန်စွမ်းအင်အရင်းမြစ် အဖွဲ့အစည်းနှင့် ပြင်သစ်နျူကလီးယားကုမ္ပဏီကြီး အေရီဗာတို့ပူးတွဲလုပ်ငန်းစုက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

ဂျော်ဒန်နိုင်ငံအလယ်ပိုင်းတွင် ပြီးခဲ့သည့်နှစ်အတွင်းက ယူရေနီယံတန်ပေါင်း ၁၂၃၀၀ တန် ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း ယခုလုပ်ခွင့်ရမြေဧရိယာ ၂၇ စတုရန်းမိုင်အတွင်း ယူရေနီယံ တန် ၂၀၀၀၀ ထက် ပိုမိုရှိနေသည့်အလားအလာကို တွေ့ရှိကြောင်း ပြင်သစ်ယူရေနီယံတူးဖော်ရေးကုမ္ပဏီက ပြောကြားသည်။

တွေ့ရှိ

ယခုတွေ့ရှိမှုသည် ဂျော်ဒန်နိုင်ငံ၏ အနာဂတ်နျူကလီးယားလောင်စာထောက်ပံ့မှု တိုးမြှင့်ရေးစတင်ကတည်းက မဟာဗျူဟာကျသော စွမ်းအင်အရင်းမြစ်တွေ့ရှိခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဂျော်ဒန်နိုင်ငံသည် စွမ်းအင်လိုအပ်မှု ၉၅ ရာခိုင်နှုန်းကို ပြည်ပမှဝယ်ယူဖြည့်ဆည်းနေရသည်။ နိုင်ငံ၏လျှပ်စစ်ထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းကို အမှီပြုနေရသည့် စိတ်ချရမှုမရှိသော အီဂျစ်ဓာတ်ငွေ့ပိုက်လိုင်းအပေါ် အားထားနေရသည့်အခြေအနေကို ပြောင်းလဲပစ်နိုင်ရေး အပြင်းအထန်ကြိုးစားနေချိန်ဖြစ်သည်။ အစ္စရေးနှင့်ဂျော်ဒန်သို့ ပေးပို့ဆက်သွယ်ထားသည့် ၎င်းအီဂျစ်ဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၁ ခုနှစ်မှ စတင်၍ (၁၄)ကြိမ်အထိ ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်ပန်းခြံ တိုက်ခိုက်ခံရ ခြောက်ဦးသေဆုံး ၄၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်းခရိုင်ရှိ ပန်းခြံအတွင်း စိန်ပြောင်းကျည်ဆန်နှစ်ခုကျရောက်ပေါက်ကွဲသဖြင့် အနည်းဆုံးခြောက်ဦးသေဆုံးပြီး ၄၀ ခန့် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်က ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

အဆိုပါစိန်ပြောင်းကျည်ဆန်နှစ်ခုသည် ဘုရားဖူးများနှင့်ပြည့်နေသည့် ကာဒီမီယာခရိုင် ကူရေ့ချ်ပန်းခြံအတွင်း ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေ ပိုတိုးလာနိုင်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သို့သော် လေးဦးသေဆုံးပြီး အီရန်ဘုရားဖူးနှစ်ဦး အပါအဝင် ၃၆ ဦးဒဏ်ရာရသည်ဟု ဆိုသည်။ လုံခြုံရေးပိုမိုတင်းကျပ်စွာချထားကြောင်းသိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၃-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အီရန်နိုင်ငံ၌ နျူကလီးယားရေငုပ်သင်္ဘောများ တည်ဆောက်မည်

အီရန်နိုင်ငံတွင် နျူကလီးယားရေငုပ်သင်္ဘောများတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း အီရန်ရေတပ်ဒုတိယတပ်မှူးက ဇွန် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားချက်ကို အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် မီဟာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

အီရန်ရေတပ်အနေဖြင့် နျူကလီးယားရေငုပ်သင်္ဘောများ တီထွင်ထုတ်လုပ်ရန်နှင့် ဒီဇိုင်းရေးဆွဲရန် စီစဉ်နေလျက်ရှိကြောင်း၊ ယခုကဲ့သို့ ရေငုပ်သင်္ဘော တည်ဆောက်မည့်လုပ်ငန်းကို အစောပိုင်းကတည်းက အစီအစဉ်ရှိခဲ့ကြောင်း အီရန်ရေတပ်ဗိုလ်ချုပ်ကြီး အာဘတ်ဇာမီနီ၏ ပြောကြားချက်ကို ယင်းသတင်းဌာနက ကိုးကားဖော်ပြသည်။ အဆိုပါရေငုပ်သင်္ဘောများကိုအနာဂတ်ကာလတွင် အီရန်ရေတပ်အတွက် အသုံးပြုသွားမည်ဟု မျှော်လင့်ထားကြောင်း ဇာမီနီကထပ်မံပြောကြားခဲ့သည်။ အီရန်ရေတပ်သည် နိုင်ငံတကာရေပိုင်နက်တွင် ၎င်း၏စစ်ဆင်ရေးနယ်ပယ်များ တိုးချဲ့မှုလုပ်ဆောင်ရန်၊ မောင်းနှင်မှုစနစ်များ မြှင့်တင်ရန်နှင့် ပစ္စည်းအပြည့်အစုံတပ်ဆင်ထားသော နျူကလီးယားရေငုပ်သင်္ဘောများ ပင်လယ်ပြင်တွင် တပ်ဖြန့်ချထားရန် ရည်ရွယ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ (အောက်ပုံ)

အိန္ဒိယ၌ မော်တော်ကားရောင်းချရမှုမြင့်တက်

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယနိုင်ငံတွင် မော်တော်ကားရောင်းချရမှု မြင့်တက်လျက်ရှိရာ ပြီးခဲ့သည့်မေလက မော်တော်ကားစီးရေ ၁၆၃၂၂၉ စီး ရောင်းချခဲ့ရသဖြင့် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်ရောင်းချခဲ့ရကြောင်း အိန္ဒိယနိုင်ငံ၏ မော်တော်ကားရောင်းချရမှု စာရင်းဇယားများကို ဇွန် ၁၃ ရက်က ထုတ်ပြန်ရာတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ မော်တော်ကားရောင်းချရမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိသည့်အပြင် လစဉ်တိုင်း တိုးမြင့်လျက်ရှိရာ ပြီးခဲ့သည့် ဧပြီလက မော်တော်ကားရောင်းချရမှု ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။

ပြီးခဲ့သည့်မေလက ရောင်းချခဲ့ရသည့် မော်တော်ကားများအနက် ဘတ်စ်ကားတစ်မျိုးတည်း အစီးရေ ၆၂၀၂၅ စီး ရောင်းချခဲ့ရာ ဧပြီလ ဘတ်စ်ကားရောင်းချရမှုထက် ၉ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ထို့အတူ မော်တော်ဆိုင်ကယ်များလည်း မေလက ၈၈၇၆၃၄ စီး ရောင်းချခဲ့ရရာ ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ***(အင်တာနက်)***

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်–စုစည်းသည်

နီပေါနိုင်ငံတွင် မုတ်သုံအဝင်နောက်ကျ အပူချိန်မြင့်တက်ပြီး အပူလှိုင်းကျရောက်

ခတ္တမန္ဒူ ဇွန် ၁၃

နီပေါနိုင်ငံအတွင်း မုတ်သုံမိုးအဝင်နောက်ကျလျက်ရှိနေရာမှ အပူလှိုင်းဖြစ်ပေါ်ကျရောက်လျက်ရှိကြောင်း ဇွန် ၁၂ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။ နိုင်ငံ၏အနောက်ဘက်အလယ်ပိုင်းမြို့ဖြစ်သော နီပေါဂန်ဂျီမြို့တွင် အပူချိန် အမြင့်မားဆုံးဖြစ်ကြောင်း မိုးလေဝသကြိုတင်ခန့်မှန်းရေးဌာနက ပြောကြားသည်။ အဆိုပါနီပေါ ဂန်ဂျီမြို့သည် ဇွန် ၁၁ ရက်က အပူချိန် ၄၄ ဒသမ ၃ ဒီဂရီဆဲလ်စီးရပ်စ်အထိ ဖြစ်ပေါ်ကျရောက်ခဲ့သည်။ ၎င်းမြို့ပြီးလျှင် ဒန်ဂတ်ဟီနှင့် ဒိပေယယ်မြို့များသည် နေ့အပူချိန် မြင့်မားစွာဖြစ်ပေါ်နေပြီး အပူချိန် ၄၃ ဒီဂရီဆဲလ်စီးရပ်စ်နှင့် ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးရပ်စ်အထိ အသီးသီးရှိနေကြောင်း ၎င်းဌာနကဆက်လက်ပြောကြားသည်။ နိုင်ငံ၏မြို့တော် ခတ္တမန္ဒူနှင့် ဒက်ဒယ်ဟူရာမြို့များ၏ အပူချိန်မှာလည်း မြင့်မားခဲ့ကြောင်း အဆိုပါဌာန၏ ဇွန် ၁၂ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

အီရတ်နိုင်ငံတွင် ကားဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား သေဆုံးသူ ၈၄ ဦးရှိ၊ ၃၀၀ နီးပါးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံမြို့အချို့တွင် ဗုံးဖောက်ခွဲမှုများနှင့် သေနတ်ပစ်ခတ်မှုများ ဇွန် ၁၃ ရက်က ဖြစ်ပွားရာတွင် သေဆုံးသူ ၈၄ ဦးရှိပြီး ဒဏ်ရာရသူ ၃၀၀ နီးပါးရှိကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။ ပထမဆုံးပေါက်ကွဲမှုမှာ ဟီလာမြို့တွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်အနီး ကားဗုံး နှစ်လုံးပေါက်ကွဲခြင်းဖြစ်ပြီး ယင်းဗုံးပေါက်ကွဲမှုအတွင်း လူ ၂၁ ဦး သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် စီးပွားရေးအဆောက်အအုံအနီး ကားဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားရာတွင်လည်း သေဆုံးသူအများအပြားရှိခဲ့သည်။ ဘဂ္ဂဒက်မြို့ မြောက်ပိုင်းနှင့် ဘဂ္ဂဒက်အလယ်ပိုင်းတို့တွင်လည်း ကားဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားပြီး လူများသေဆုံးခဲ့သည်။

ဆိုင်ဒီရတ်ခရိုင်အတွင်း၌ လက်နက်ကိုင်တစ်စုက ရဲဝန်ထမ်းသုံးဦးအား ပစ်ခတ်သတ်ဖြတ်သွားကြောင်း၊ အဲလ်ဟာဒါယန်မြို့တွင်း၌လည်း ကားဗုံးခွဲမှုဖြစ်ပွားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အသေခံဗုံးခွဲမှုနှင့် လမ်းဘေးဗုံးခွဲမှု အာဖဂန်နစ္စတန်တွင်ဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

ကဘူးလ် ဇွန် ၁၃

အာဖဂန်နစ္စတန်အလယ်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် ပေါက်ကွဲမှုများဖြစ်ပွား၍ အရပ်သားခုနစ်ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဇွန် ၁၂ ရက်က ဖော်ပြသည်။ နိုင်ငံမြောက်ပိုင်း ဘတ်ချ်ပြည်နယ် ဘိုလက်ခရိုင်အတွင်းရှိ ဈေးတစ်ဈေးတွင် ဇွန် ၁၂ ရက်က စက်ဘီးစီးအသေခံဗုံးခွဲသမား ဗုံးဖောက်ခွဲမှုကြောင့် အရပ်သားနှစ်ဦး သေဆုံးပြီး ရဲဝန်ထမ်းငါးဦး ဒဏ်ရာရရှိသွားသည်။ သေဆုံးသူတစ်ဦးမှာ ကလေးငယ်တစ်ဦးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

နိုင်ငံအလယ်ပိုင်း ဝါဒက်ပြည်နယ်တွင်း၌ ဇွန် ၁၂ ရက်က မီနီဘတ်စ်ကားတစ်စီး လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် ကားပေါ်ရှိ အရပ်သားငါးဦးသေဆုံးသည်။ **(အောက်ပုံ)** ဆေအဘတ်ခရိုင်အတွင်း အဆိုပါလမ်းဘေးဗုံးဖောက်ခွဲမှုတွင် သုံးနှစ်အရွယ်ကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်သမားများသည် ၎င်းတို့၏ဖောက်ခွဲတိုက်ခိုက်မှုများကို ရဲဝန်ထမ်းများ၊ စစ်သားများ၊ အစိုးရအရာရှိများ အပါအဝင် နိုင်ငံခြားတပ်ဖွဲ့ဝင်များအပေါ် ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိသည်။ အာဖဂန်နစ္စတန်အစိုးရအား သပ်လျှိုဖြိုခွဲနိုင်ရေး ရည်ရွယ်လျက် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန် မြစ်ရေလျှံမှုကြောင့် ရေကြီးရေလွှမ်းမှုများဖြစ်ပွား

ဗန်ကောက် ဇွန် ၁၃

ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုကြောင့် ရေကြီးရေလွှမ်းမှုများ ဖြစ်ပွားနေကြောင်း**(အပေါ်ပုံ)** ထိုင်းသတင်းအေဂျင်စီက ဇွန် ၁၃ ရက်တွင် ဖော်ပြသည်။ နိုင်ငံ၏မြောက်ပိုင်းတွင် ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ယွမ်မြစ်ရေလျှံမှုကြောင့် ကျေးရွာပေါင်းများစွာ ရေလွှမ်းလျက်ရှိပြီး ဆူခိုထိုင်းပြည်နယ်တွင် စိုက်ပျိုးမြေ ဧက ၄၀၀၀ ပျက်စီးခဲ့သည်။

ဇွန် ၁၂ ရက် ညက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဆူခိုထိုင်းပြည်နယ်တွင်းရှိ ဒေသခံများစွာကို ယာယီခိုလှုံရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားရသည်။

ဇွန် ၁၃ ရက် မနက်တွင် ယွမ်မြစ်ရေ တဖြည်းဖြည်းချင်းကျဆင်းသွားပြီဖြစ်ကြောင်း၊ ဒေသအချို့တွင် ရေကြီးမှုများဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အနောက်တောင်မုတ်သုံဝင်လာသဖြင့် ဆူခိုထိုင်းပြည်နယ်အတွင်း မိုးရွာသွန်းမှုများဖြစ်ပေါ်ကြောင်း၊ ယွမ်မြစ်ရေအခြေအနေကို အနီးကပ်စောင့်ကြည့်ရမည်ဖြစ်ပြီး ဒေသနေပြည်သူများအနေဖြင့်လည်း မိုးလေဝသကြိုတင်ခန့်မှန်းချက်များကို ဂရုထားသင့်ကြောင်း ဆူခိုထိုင်းမိုးလေဝသနှင့် ဇလဗေဒဌာန၏ ဥက္ကဋ္ဌဖြစ်သူက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယားနိုင်ငံအတွင်း စားပြတိုက်လူသတ်မှုဖြစ် လူ ၂၇ ဦး သေဆုံး

ကာနို ဇွန် ၁၃

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဒေသတွင်း ဈေးနေ့ဖွင့်လှစ်ရန် ပြင်ဆင်နေသည့်ကျေးရွာတစ်ရွာကို လက်နက်ကိုင်စားပြများ ဝင်ရောက်စီးနင်းကြရာ လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်း အစိုးရအရာရှိတစ်ဦးက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။ စားပြတိုက်မှုသည် ဇွန် ၁၁ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားရာရွာသို့ တာဝန်ရှိသူများသွားရောက်ကာ သေဆုံးသူဦးရေ စစ်ဆေးခဲ့ကြောင်း ဇမ်ဖာရာပြည်နယ် ဟာရဒေသအစိုးရဌာနမှ အရာရှိတစ်ဦးဖြစ်သူ အီဘရာဟမ်စီဒီက ပြောကြားခဲ့သည်။ အဆိုပါစားပြတိုက်လူသတ်မှုတွင် လွတ်မြောက်ခဲ့သူ အမျိုးသမီးတစ်ဦးရှိကြောင်း၊ ထိုအမျိုးသမီး၏ ပြောကြားချက်အရ ရွာသူရွာသားများ ဈေးနေ့တွင် ရောင်းချနိုင်ရေး ပြင်ဆင်နေစဉ် စားပြများဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး ၎င်းအချိန်တွင် သူမက အိတ်လွတ်တစ်လုံးအတွင်း ပုန်းအောင်းနေခဲ့၍ လွတ်မြောက်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယခုဖြစ်ပွားသော စားပြတိုက်လူသတ်မှုနှင့်ပတ်သက်ပြီး လက်နက်ကိုင်စားပြများကို ရှာဖွေ လိုက်လံဖမ်းဆီးရန် ရဲဝန်ထမ်းများက စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေ – စုစည်းသည်

၂၀၁၄ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲ တောင်ကိုရီးယားက လက်ဘနွန်ကို နိုင်ပွဲရ

ပေကျင်း ဇွန် ၁၃

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲများကို ဇွန် ၁၃ ရက် နံနက်က တောင်ကိုရီးယားနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ကိုရီးယားက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ဝဲပုံ)**

အုပ်စု(က)တွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ရေးအတွက် တောင်ကိုရီးယားတို့ ပွဲစတင်ကတည်းက တိုက်စစ်ဆင်ကစားခဲ့သော်လည်း လက်ဘနွန်တို့ အဝင်အထွက်ရဲရဲဖြင့် ဟန့်တားနိုင်ခဲ့မှုကြောင့် ပွဲအစပိုင်း၌ တောင်ကိုရီးယားတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

တောင်ကိုရီးယားအတွက် အဖွင့်ဂိုးကို ပထမပိုင်း ပွဲချိန် ၂၉ မိနစ်၌ တောင်ကိုရီးယားကွင်းလယ်ကစားသမား ကင်ဘိုဂျောင်က သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။ ပထမပိုင်းပွဲပြီးချိန်၌ တောင်ကိုရီးယားတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲချိန် ၄၈ မိနစ်၌ တောင်ကိုရီးယားမှ ကင်ဘိုဂျောင်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် တောင်ကိုရီးယားတို့ နှစ်ဂိုးရရှိခဲ့သည်။ လက်ဘနွန်တို့ ချေပဂိုးများသွင်းယူနိုင်ရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုကြောင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအတွက် တတိယဂိုးကို ဒုတိယပိုင်းပွဲချိန်ပြည့်ခါနီး ၈၉ မိနစ်၌ ကိုဂျာဂျိုလ်က သွင်းယူပေးခဲ့သဖြင့် ပွဲအပြီး တောင်ကိုရီးယားတို့က သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် တောင်ကိုရီးယားတို့ နိုင်ပွဲရရှိခဲ့သဖြင့် အုပ်စု(က)၌ တောင်ကိုရီးယားတို့ နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် အုပ်စုပထမအဖြစ် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။ အီရန်အသင်းက နှစ်ပွဲနိုင်လေးမှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါ မန်ယူသို့ ဇွန်လကုန်၌ ရောက်ရှိမည်

လန်ဒန် ဇွန် ၁၃

မန်ယူအသင်းသည် ဂျပန်ဘောလုံးအသင်း ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ရာ မန်ယူကလပ်သို့ ဇွန်လကုန်တွင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်က သတင်းထုတ်ပြန်သည်။ အသက် ၂၃ နှစ်အရွယ်ရှိ ရှင်ဂျီကာဂါဝါသည် ဂျာမန်ကလပ် ဒေါ့မွန်အသင်းတွင် ပါဝင် ကစားနေသူဖြစ်ပြီး မန်ယူအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်း ပေးရမည်ဖြစ်သည်။ ကာဂါဝါသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီ၌ ဒေါ့မွန်ကလပ်အတွက် ၃၁ ပွဲ ကစားခဲ့ရာ ၁၃ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

လောလောဆယ်တွင် ဂျပန်အသင်း၏ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲပြိုင်ပွဲများပါဝင်ကစားနေသူဖြစ်သည်။ မန်ယူအသင်းကွင်းလယ်တွင် တောင်ကိုရီးယားကွင်းလယ်ကစားသမား ပက်ဂျီဆန် ဆက်လက်ကစားနိုင်ရေး မသေချာတော့သဖြင့် မန်ယူကွင်းလယ်တိုက်စစ်တွင် ကာဂါဝါအား ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ကာဂါဝါသည် ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲ၌ ဂျပန်အသင်းတွင် ပါဝင်ကစားခဲ့သူလည်းဖြစ်သည်။ ကာဂါဝါသည် ဂျပန်ကလပ် စီရီဇိုအိုဆာကာအသင်းတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဘောလုံးပွဲပေါင်း ၁၂၅ ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၅၅ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဒေါ့မွန်ကလပ်သို့ ၂၀၁၀ ခုနှစ်က ပြောင်းရွှေ့ကစားခဲ့ရာ ယခုအချိန်အထိ ၄၉ ပွဲ ကစားခဲ့ပြီး ၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါ။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ရာဖေးလ်နာဒယ် အနိုင်ရဗိုလ်စွဲ

ပါရီ ဇွန် ၁၃

ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ရာဖေးလ်နာဒယ်နှင့် ဂျိုကိုဗစ်တို့ ဇွန် ၁၁ ရက်က ယှဉ်ပြိုင်ကစားရာ ရာဖေးလ်နာဒယ်က အနိုင်ရရှိပြီး ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။ ***(အပေါ်ပုံ)***

ရာဖေးလ်နာဒယ်နှင့် ဂျိုကိုဗစ်တို့ ဇွန် ၁၀ ရက်က ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေစဉ် မိုးရွာသွန်းမှုကြောင့် ပြိုင်ပွဲကိုရပ်နားကာ ရက်ရွှေ့ဆိုင်းခဲ့သဖြင့် ဇွန် ၁၁ ရက်မှသာ ထပ်မံယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ၌ ရာဖေးလ်နာဒယ်က ဂျိုကိုဗစ်အား ၆-၄၊ ၆-၃၊ ၂-၆၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းဖလားကို ခုနစ်ကြိမ်မြောက် ဆွတ်ခူး ရရှိခြင်းလည်းဖြစ်သည်။ ရာဖေးလ်နာဒယ်နှင့် ဂျိုကိုဗစ်တို့မှာ ၂၀၁၀ ခုနှစ် ယူအက်စ်အိုးပင်းဗိုလ်လုပွဲ၌ တွေ့ဆုံခဲ့ရာ နာဒယ်က ၆-၄၊ ၅-၇၊ ၆-၄၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ၂၀၁၁ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲ၌လည်း ၎င်းတို့နှစ်ဦးဆုံတွေ့ခဲ့ရာ ဂျိုကိုဗစ်က ၆-၄၊ ၆-၁၊ ၁-၆၊ ၆-၃ ဖြင့် ၂ နာရီ ၂၈ မိနစ်ကြာမျှကစားပြီး နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ၂၀၁၁ ခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ၎င်းတို့နှစ်ဦးဆုံတွေ့ခဲ့ရာ ဂျိုကိုဗစ်က ၆-၂၊ ၆-၄၊ ၆-၇ (၃-၇)၊ ၆-၁ ဖြင့် ပွဲချိန် ၄ နာရီ ၉ မိနစ်ကြာမျှ ယှဉ်ပြိုင်ကာ နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ၂၀၁၂ ခုနှစ် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ၌ ၎င်းတို့နှစ်ဦးဆုံတွေ့ခဲ့ပြန်ရာ ဂျိုကိုဗစ်က ၅-၇၊ ၆-၄၊ ၆-၂၊ ၆-၇(၅-၇)၊ ၇-၅ ဖြင့် ပွဲချိန် ၅ နာရီ ၅၄ မိနစ်ကြာမျှ ယှဉ်ပြိုင်ကစားပြီး နိုင်ပွဲရရှိခဲ့သည်။ ယခုပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ရာဖေးလ်နာဒယ်က ဂျိုကိုဗစ်အား အနိုင်ယူပြီး ရှုံးကြွေးများဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့ နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော်မြတ်နှင့် မဟာပရဟိတဂေဟာအနီးပတ်ဝန်းကျင်၌ သစ်ပင်များစိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော်မြတ်နှင့် မဟာပရဟိတဂေဟာ အနီးပတ်ဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်တော်မြတ်နှင့် မဟာပရဟိတဂေဟာ အနီးပတ်ဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အင်းသာအရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မဟာပရဟိတဂေဟာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့သည် သာသနာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ဝေးမြို့ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝင်းဖေနှင့် စေတနာရှင်များ၊ မဟာပရဟိတဂေဟာမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကံ့ကော်ပင် ၁၀၀၀၊ ဗာဒံပင် ၅၀၀ နှင့် ခရေပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး Mr. Goh Chok Tong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲ တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လာရောက်တွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး Mr.Robert Chua နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

ကဝ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နဘဲပင်ကျေးရွာအုပ်စု ကမာကလဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၃ ရက် နံနက် ၁၀နာရီက မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးမြင့်သိန်းက လောင်းကစားမှု၊ လူကုန်ကူးမှုနှင့် အမှုကြီးများမပေါ်ပေါက်ရေး ကြိုတင်ကာကွယ်ရမည့်နည်းများနှင့်မြို့နယ် ဥပဒေအရာရှိဦးထိုက်ဇော်ဝင်းကဥပဒေရေးရာ သိကောင်းစရာများကို ဟောပြောကြကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကချင်ပြည်နယ်၌ကျင်းပ

နေပြည်တော် ဇွန် ၁၃

ကချင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဂန်ဆိုင်းက ကချင်ပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သည့် ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များပြည့်ဝကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရေး တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ စီမံကိန်း ရည်မှန်းချက်များရေးဆွဲရာတွင် ကချင်ပြည်နယ်အတွင်းရှိ ဒေသတစ်ခုနှင့်တစ်ခု အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊ ဆင်းရဲမှုလျှော့နည်းကျဆင်းရေး၊ ပြည်သူတို့၏ လူမှုဘဝမြင့်မားရေး အခြေခံရေးဆွဲခြင်းဖြစ်ရာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍကြီးသုံးရပ်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်စီမံကိန်း ဦးစီးမှူး ဦးသန်းမြင့်က ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးမြင့်အားလည်းကောင်း၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်နှင့် ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူးတို့အားလည်းကောင်း၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဘုရားသုံးဆူမြို့နယ်ခွဲ၌ ကျင်းပ

ကြာအင်းဆိပ်ကြီး ဇွန် ၁၃

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မြို့နယ်ခွဲခန်းမ၌ မေ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှဝေက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၀၈၀ နှင့် အခြေခံပညာမူလတန်းအဆင့် ပြဋ္ဌာန်းစာအုပ် ၂၅၀၀ ကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း၊ ဗလာစာအုပ်နှင့် မူလတန်းအဆင့် ပြဋ္ဌာန်းစာအုပ်များကို ကျောင်းအုပ်ဆရာမကြီးက မြို့နယ်ခွဲအတွင်းရှိ ကျောင်းများထံသို့လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။ မြို့နယ်ခွဲအတွင်းရှိ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်အသီးသီးမှ လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၃၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

[illegible]

သတင်းစရိုးသည်တစ်ဦး

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံနှင့်ကပ်လျက်ရှိသော ခရီးသည်တင် ဘတ်စ်ကားဂိတ်များကို ဗိုလ်တထောင်မြို့နယ် လင်းစဒေါင်းဂိတ်သို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကြီးကြပ်မှုကော်မတီမှ သိရှိရသည်။

မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး၌ ပါရမီယာဉ်လိုင်း၊ အဓိပတိယာဉ်လိုင်း၊ ရွှေအင်းဝယာဉ်လိုင်းနှင့်မထသယာဉ်လိုင်းများက ဂိတ်ထိုးရပ်နားလျက်ရှိကြောင်း ထိုဂိတ်မှစျေးရောင်းသူတစ်ဦးကပြောပြသည်။

မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးမှာ လိုင်းကားများကို ဂိတ်ထိုးရပ်စေခဲ့ခြင်းမှာ ယခင်က ထိုအနီးတစ်ဝိုက်၌ အခြေစိုက်ရုံးများရှိခဲ့သည့်အတွက် ဝန်ထမ်းများ သွားလာမှုအဆင်ပြေစေရန် ရပ်တန့်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပိုမိုများပြားလာသော ဂိတ်ကားများကြောင့် မဟာဗန္ဓုလလမ်းပေါ်၌ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားလာသည့်အတွက် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ကြီးကြပ်ဆောင်ရွက်

ထိုဂိတ်မှ အမြဲစီးနေသော ဝန်ထမ်းအမျိုးသမီးတစ်ဦးက "ကျန်တဲ့ဝန်ထမ်းတွေဆိုတာလဲ အများကြီးရှိနေပါသေးတယ်၊ မထသအဖွဲ့၊ ယာဉ်ထိန်းအဖွဲ့နဲ့ တာဝန်ရှိသူတွေက ယာဉ်ကြောကျပ်တတ်တဲ့အချိန်တွေမှာ အချိန်ပြည့်ကြီးကြပ်ဆောင်ရွက်ပေးကြမယ်ဆိုရင် ဒီယာဉ်ကြောကျပ်မှုက မပြောပလောက်ပါဘူး၊ စီစဉ်တဲ့အခါ ဝန်ထမ်းတွေရဲ့ ခရီးသွားလာမှုအဆင်ပြေသက်သာစေရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစားပေးပါ" ဟု ပြောကြားခဲ့သည်။

ကလေးမြို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ လိုင်စင်ထုတ်ပေး

ကလေး ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်အခပေးဆောင်၍ One Stop Service ဖြင့် ယာဉ်မှတ်ပုံတင်များ နေ့ချင်းပြီး ဆောင်ရွက်နေမှုကို ကလေးမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) ရုံးဝင်းအတွင်း၌ ဇွန် ၅ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ လိုင်စင်လုပ်သူများ လာရောက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး ကျောင်းသူတစ်ဦးအား ပညာသင်စရိတ်ပေးအပ်စဉ်။ (ထွေ/အုပ် ဦးစီး)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ လှူဒါန်းပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

တပ်မတော်စစ်ရေယာဉ် အချို့မှလည်း မောင်တောမြို့အနောက်ဘက် မြန်မာ့ရေပိုင်နက်မှတစ်ဆင့် မသမာသူများ ဝင်ရောက်လာခြင်း မရှိစေရေးအတွက် ကင်းလှည့်လုံခြုံရေးများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

အခင်းဖြစ်ပွားသည့်နေရာတစ်ဝိုက်တွင် နေထိုင်လျက်ရှိသည့် ကျေးရွာသူ/ကျေးရွာသားများ ရောဂါမဖြစ်ပွားစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဆေးဝန်ထမ်း ၃၂ ဦးဖြင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ဒဏ်ရာရရှိခဲ့သော အရေးပေါ်လူနာများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ဆေးဝါးကုသစေလျက်ရှိသည်။

ထို့အပြင် ၎င်းဒေသရှိ ဒေသခံပြည်သူများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဘေထုပ် ၅၀၊ တပ်မတော်မိသားစုများက ဆန် ၆၉၂ အိတ်၊ ဆီ ၉၇၈ ပိဿာ၊ ဆား ၃၂၆ ပိဿာ၊ အခြားစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် ပေးပို့လှူဒါန်းခဲ့သည့်အပြင် အခြားစေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် တပ်မတော်သားများမှ ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်သယ်ယူပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ပေးပို့လှူဒါန်းခဲ့သော ပစ္စည်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများက အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရသော ဒေသများမှ မိသားစုဝင်များအား ကိုယ်တိုင်ကိုယ်ကျပေးအပ်ခဲ့ပြီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဩစတြေးလျနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဩစတြေးလျနိုင်ငံ Asia Resources Development Ltd. Chairman of theBoard, Mr. Alex Greaves ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(ယာပုံ)** မြန်မာနိုင်ငံတွင် ရွှေ၊ ကြေးနီ၊ ခနောက်စိမ်းနှင့် ထုံးကျောက်သတ္တုသယံဇာတများ ဖြစ်ထွန်းနေမှုအခြေအနေ၊ ရှာဖွေစမ်းသပ်တိုင်းတာရေး၊ တူးဖော်ထုတ်လုပ်ရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်နှင့် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပြိုင်တည်း လုပ်ဆောင်သင့်သည့်အချက်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၃

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိမ်းလန်းကမ္ဘာကုမ္ပဏီ၊ စိမ်းလန်းစိုပြည်ဂါးဒင်းမိသားစုနှင့် စိမ်းလန်းစိုပြည်ဂါးဒင်းသို့ လာရောက်သည့် ဧည့်သည်များက အဝတ်အထည် ၄၀၀၊ K. Future Co., Ltd. မှ ဒေါက်တာကောင်းကျော်ဆွေက ငွေကျပ်သုံးသိန်း၊ ဦးသန့်ဇင်-ဒေါ်ခင်စမ်းကြည်မိသားစုနှင့် မဖြူစင်နှင်းပွင့် မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးစောသိန်း-မဖြူမိသားစုက ငွေကျပ် ၄၂၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ ဦးကြည်လင်-ဒေါ်ထားထားရီ မိသားစုက ငွေကျပ်နှစ်သိန်း၊ မကြူကြူမာက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည်များ၊ ဦးအောင်ကြည်စိန်က ငွေကျပ်နှစ်သိန်း၊ ဦးသာဇံအောင်က ငွေကျပ် သုံးသိန်း၊ ဦးတင်သန်း-ဒေါ်တင်သန်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးချစ်ဖေက ငွေကျပ်သုံးသိန်း နှစ်သောင်း ခြောက်ရာခုနစ်ဆယ့်ခြောက်ကျပ်၊ Toyo Battery ဦးအုန်းလွင် (MU) နှင့်ဝန်ထမ်းများက ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ တီရှပ် ၁၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)က ငွေကျပ်သိန်း ၅၀၊ ဒေါ်ခင်ဝင်းချိုနှင့်ဒေါ်ခင်ကလျာတို့က အမျိုးသမီးဝတ် အင်္ကျီသုံးအိတ်၊ ထွန်းတောက်မြေကုမ္ပဏီ ဦးအောင်ဝင်း-ဒေါက်တာစန်းစန်းဝင်းတို့က ငွေကျပ် ၂၁၂၀၀၀ တန်ဖိုးရှိ Popy Dey အိမ်သုံးဆေးဝါး ဘူး ၈၀၊ မိခင်ကြီးဒေါ်ခင်စိန်နှင့် သားသမီးများက ငွေကျပ်ငါးသောင်း၊ ဦးကြူမိသားစု Trading Co., Ltd.က ငွေကျပ်သိန်း ၂၀၊ Reliance Fire System Co., Ltd. မှ ဦးယဉ်ထွေးသက်က ငွေကျပ် ၁၀သိန်း၊ မနွေးနွေးက ငွေကျပ်ငါးသောင်း၊ ဦးသန်းဝင်းမိသားစုက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ပွဲစတင်သည်နှင့် ပေါ်တူဂီတို့ ထိုးဖောက်ကစားခဲ့ရာ စီရိုနယ်ဒို၊ နာနီတို့ ဦးဆောင်သော ပေါ်တူဂီတိုက်စစ်မှူးများ အခွင့်အရေးကောင်းများရရှိခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲဖြစ်နေခဲ့သည်။ သို့သော် ပွဲချိန် ၂၄ မိနစ်၌ ပေါ်တူဂီတို့ ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူပီပီက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ပေါ်တူဂီတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ထို့နောက် ပေါ်တူဂီတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၃၆ မိနစ်၌ နာနီဖြတ်ပေးလိုက်သည့်ဘောလုံးကို ဂိုးဧရိယာအတွင်းမှ ပေါ်စတီဂါက အနီးကပ်ပိတ်သွင်းယူခဲ့ရာ ဒိန်းမတ်ဂိုးသမား အင်ဒါဆင်ကာကွယ်ချိန်မရဘဲ ဂိုးဝင်သွားသဖြင့် ပေါ်တူဂီတို့ ဒုတိယဂိုးရရှိခဲ့သည်။

သို့သော် ဒိန်းမတ်တို့က ချေပဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၄၁ မိနစ်၌ ဒိန်းမတ်မှ ဘင့်တနာက လွတ်လွတ်ကျွတ်ကျွတ် အနီးကပ် ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒိန်းမတ်တို့ ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း ဒိန်းမတ်တို့ချေပဂိုးရရှိရေး အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သော်လည်း ပေါ်တူဂီဂိုးသမားနှင့် နောက်ခံလူများ ကာကွယ်နိုင်မှုကြောင့် ချေပဂိုးမရရှိခဲ့ချေ။ ပွဲချိန် ၇၅ မိနစ်၌ စီရိုနယ်ဒို ဂိုးသမားနှင့် တစ်ဦးချင်းလွတ်လွတ်ကျွတ်ကျွတ်တွေ့ရှိပြီး ဂိုးသွင်းခဲ့သော်လည်း လွဲချော်ခဲ့သဖြင့် ပေါ်တူဂီတို့ နစ်နာခဲ့ရသည်။

ထို့နောက် ဒိန်းမတ်တို့က ချေပဂိုးရရှိရေးထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၇၉ မိနစ်၌ ဘင့်တနာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒိန်းမတ်တို့ဒုတိယချေပဂိုးရရှိသွားခဲ့သည်။ နှစ်ဂိုးစီသရေဖြစ်နေသဖြင့် ပေါ်တူဂီတို့ တိုက်စစ်အားမြှင့်ပြီး ပြန်လည်တိုက်စစ်ဆင်ခဲ့ရာမှ လူစားဝင်လာသည့် ဗာရီလာက ပွဲချိန် ၈၆ မိနစ်၌ ညာခြေဖြင့် ကန်သွင်းခဲ့ရာမှ ပေါ်တူဂီတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဒိန်းမတ်တို့ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ပေါ်တူဂီတို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

စုပေါင်းစိုက်ပျိုး

ဒိုက်ဦးမြို့နယ် အထက(ခွဲ)အိမ်ခြေလေးဆယ်ကျောင်း၌ ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၇ ရက်က ကျင်းပရာ ဒိုက်ဦးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ တရုတ်တည်၊ ယမနေ၊ ယူကလစ်၊ မန်ဂျန်ရှား စုစုပေါင်းပျိုးပင် ၄၇၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်သစ်တောဦးစီး)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၃-၆-၂၀၁၂

ကိုလင်း ➤ စုစည်းသည်

‘ပျော်ရွှင်ကြည်မွေ့’ နှင့် ‘လူငယ်ဆိုတာလန်းရမယ်’ စာအုပ်များ ထုတ်ဝေ

စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသော ပျော်ရွှင်ကြည်မွေ့နှင့် လူငယ်ဆိုတာလန်းရမယ် စာအုပ်များ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ပျော်ရွှင်ကြည်မွေ့ စာအုပ်တွင် စာရေးသူဖြတ်သန်းခဲ့သော ဘဝပုံရိပ်များကို တင်ပြမျှဝေခဲ့သည့် စကားပြေဆောင်းပါးများကို စုစည်းဖော်ပြထားသည်။ နှစ်ပေါင်း ၅၀ မျှ စာပေလေ့လာဆည်းပူးခဲ့သည့် အတွေ့အကြုံနှင့် နှစ်ပေါင်း ၂၀ ကျော် လေ့ကျင့်ရေးသားခဲ့သည့် တတ်မြောက်ကျွမ်းကျင်မှုဖြင့် ထုဆစ်ခဲ့သော အနုပညာလက်ရာများကို ခံစားမှုရသများ ထည့်သွင်းဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော

စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် နိုင်စာပေကထုတ်ဝေထားသည်။

လူငယ်ဆိုတာလန်းရမယ်စာအုပ်တွင် စာရေးသူက အသက်အရွယ် ၁၂ နှစ်မှ ၃၀ နှစ်အတွင်း လူငယ်လူရွယ်အားလုံးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ စာနယ်ဇင်းများတွင် အားပေးရေးသားခဲ့သော ပေးစာနှင့် စကားပြောဟန်ဆောင်းပါးတို့ကို ရွေးချယ်စုစည်းကာ ထုတ်ဝေခြင်းဖြစ်၍ လူငယ်လူရွယ်များအတွက် အားမာန်ပြည့်ဝ နှလုံးလှုစေသည့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် နိုင်စာပေကထုတ်ဝေထားသည်။

ဘဝအောင်မြင်ရေး ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်စာအုပ်ထုတ်ဝေ

စာရေးဆရာသက်လုံ ရေးသားသည့် ဘဝအောင်မြင်ရေးကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။



အဆိုပါ စာအုပ်တွင် “ဘဝကို အောင်မြင်စွာ နေထိုင်သွားလိုလျှင် ထိုသို့နေထိုင်သွားလာရေးနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်ကို သိထားဖို့လိုသည်” ဟု အစချီကာ အောင်မြင်ခြင်းသို့ ဖြတ်လမ်းမရှိ၊ စိတ်ကို လေ့ကျင့်ပေးနည်းများ၊ သဘောထားအမြင်ကို လေ့ကျင့်ပေးနည်းများ၊ ကျေးဇူးတင်သည့်စိတ်၊ ရည်မှန်းချက်ပန်းတိုင်၊ ဒုက္ခနှင့်စိတ်ရှည်သည်းခံမှု၊ ကျန်းမာရေးနှင့် ပျော်ရွှင်ရေး၊ စိတ်နေစိတ်ထားကို ထိန်းချုပ်နည်း စသည့် စာစုများကို စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို Wisdom House စာအုပ်တိုက် အခန်း ၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်မှ ငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

အဆင့်မြင့်အင်္ဂလိပ်စကားပြော စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ချိုထွန်းရေးသားထားသော အဆင့်မြင့်အင်္ဂလိပ်စကားပြော စာအုပ်ကို ဆဋ္ဌမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အင်္ဂလိပ်စကားကို စနစ်တကျတတ်မြောက်လိုသူများ၊ နိုင်ငံခြားသွားအလုပ်လုပ်မည့်သူများ၊ နိုင်ငံခြားပညာတော်သင်များနှင့် အင်္ဂလိပ်စကားပြောလေ့လာနေသူများအတွက် ရည်ရွယ်ရေးသားထားသော စာအုပ်ဖြစ်သည်။ အင်္ဂလိပ်စကားပြောကို နှုတ်ခွန်းဆက်စကားမှစ၍ နေ့စဉ်ဘဝနေထိုင်မှုအတွင်း ကြုံတွေ့ပြောဆိုရမည့် ဖြစ်စဉ်များကို ပြည့်ပြည့်စုံစုံဖော်ပြရေးသားထားသည်။ ထို့ပြင် နိုင်ငံခြားသွားမည့်သူများအတွက် လေဆိပ်အကောက်ခွန်မှစ၍ နိုင်ငံအတွင်းဝင်ရောက်ပြီး သွားလာလှုပ်ရှားမှုများအတွက်ပါ အသုံးတည့်စေရန် ထည့်သွင်းရေးသားထားသည်။ စာအုပ်ကို အလင်းသစ်စာပေ အမှတ် ၁၇ အခန်း (၆၀၁) ၅၂ လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

မြန်မာ့စကားပုံ ပုံပြင်များ စာအုပ်ထုတ်ဝေဖြန့်ချိ



ဆရာမကြည်ဦးပြုစုသော မြန်မာ့စကားပုံ ပုံပြင်များစာအုပ်ထွက်ရှိလာသည်။

မြန်မာ့စကားပုံ ပုံပြင်များဆိုရာတွင် ပါးစပ်ရာဇဝင်သက်သက်မဟုတ်ဘဲ ဘုရားဟောဇာတ်တော်များ၊ ရာဇဝင်၊ နိပါတ်တော်၊ဖြတ်ထုံး၊ ဓမ္မပဒ၊ ဆုံးမစာ၊ ဓမ္မသတ်များအပြင် ဝိစိကြာ လင်္ကာရစကားပုံများနှင့် စကားကြီးဆယ်ခွန်း၊ လောကပညာတ္တိကျမ်း၊ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ စသည်တို့ဖြင့် အစုံလင်ဆုံး ရှင်းလင်းဖွင့်ဆိုထားသည်။ သင်ခန်းစာလည်းဖြစ်စေ၊ ပညာလည်းရစေလိုသော စေတနာဖြင့် မျိုးဆက်သစ်လူငယ်များအတွက် ရှေးမြန်မာကြီးများ၏ မြန်မာမှုတစ်ရပ်အပေါ် လေးစားစွာ ပြောဆိုကျင့်ကြံနိုင်ရန် ဖော်ပြထားသည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေအမှတ်(၂၃၇) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၈၃၅မှ တန်ဖိုးငွေကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

မနာလိုကင်းဝန်တိုရှင်းမှ လက်ငင်းချမ်းသာရနိုင်မည်

မြင့်မောင် (ရေစကြို)

သံသရာအတွင်း လည်ပတ်နေကြရသည့် သတ္တဝါအပေါင်းသည် အပါယ်လေးဘုံ၊ လူ့ပြည်တစ်ဌာန၊ နတ်ပြည်ခြောက်ရွာ၊ ဗြဟ္မာဘုံနှစ်ဆယ် ပေါင်း ၃၁ ဘုံရှိသည့်အနက် လူ့ဘုံသည် ကောင်းကျိုးချမ်းသာများကို ဖန်တီးနိုင်ခွင့်ရှိသဖြင့် အမြတ်ဆုံးဘုံဟု သတ်မှတ်ပါသည်။ "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့ဘဝရရှိရန် အလွန်ခဲယဉ်းသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာ အမှန်ပင် မျက်မှောက်ကာလကို ကြည့်မည်ဆိုပါက ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ခန့်ရှိရာ ကျန်သတ္တဝါဖြစ်သည့် အပါယ်လေးဘုံဖြစ်သည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွင်ရှိနေသည့် အရေအတွက်၊ နတ်ပြည်၊ ဗြဟ္မာ့ရွာတွင်ရှိနေသည့်အရေအတွက်များသည် လူ့ပြည်ထက် အဆပေါင်းများစွာ မရေမတွက်နိုင်အောင် များပြားမည် ဖြစ်ပါသည်။

သို့အတွက် လူ့ပြည်တွင် လူဖြစ်ရခြင်းသည်ကိုက လူဖြစ်ထိုက်သော ကောင်းမှုတစ်ခုခုကို ပြုခဲ့ရသောကြောင့် လွန်စွာမှပင် ကံကောင်းသူများဖြစ်သည်ဟု ဆိုရပေမည်။ ကံဟူ၍ဆိုရာတွင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ ဟူ၍ နှစ်မျိုးနှစ်စား ရှိပြန်ပါသည်။ အတိတ်ကံသည် ပြုလုပ်ခဲ့ပြီးဖြစ်သဖြင့် မိမိမပိုင်နိုင်ပါ။ ပစ္စုပ္ပန်ကံသည်သာ ယခု မိမိလက်ဝယ်ရှိနေသဖြင့် မိမိကိုယ်တိုင် ပိုင်နိုင်ပါသည်။ အတိတ်က ကောင်းမှု၊ မကောင်းမှုတို့ကို ပြုလုပ်မိပါက ထိုပြုမူခဲ့သည့် ကံအကြောင်းတရားကြောင့် ပစ္စုပ္ပန်တွင် ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားရပါသည်။ သို့ရာတွင် ပစ္စုပ္ပန်တွင် ကောင်းသောကံအမှု များများပြုလုပ်မည်ဆိုပါက အတိတ်က မကောင်းခဲ့သည့် ကံဝဋ်ကြွေးများသည်ပင် လုံးလုံး ပျောက်မသွားသော်လည်း လျော့ပါးသွားနိုင်ပါသည်။ သို့သော် အတိတ်က ကောင်းသောအမှု ပြုလုပ်ခဲ့သဖြင့် ယခုပစ္စုပ္ပန်လူ့ဘဝတွင် ကောင်းသောမျိုးနွယ်၊ ကောင်းသောဂုဏ်သိမ်၊ ကောင်းသော စည်းစိမ်ခံစားရသည်ဆိုသည့်တိုင် ယခုပစ္စုပ္ပန်တွင် မကောင်းသောကံဖြစ်သည့် အကုသိုလ်အမှုကို များများပြုလုပ်မိပါက အတိတ်က ကောင်းခဲ့သောကံသည်ပင် မှေးမှိန်လျော့နည်းသွားတတ်ပါသည်။

ဤနေရာတွင် ကံဆိုသောအမှုကို အနက်အဓိပ္ပာယ်ဖွင့်ရပါလျှင် ကမ္မ ကဆင်းသက်လာသဖြင့် ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ပြုလုပ်ရာတွင် ကောင်းစွာ ကြံစည်တွေးတော၊ ပြောဆို၊ ပြုလုပ်ခြင်းသည် ကောင်းသော ကုသိုလ်ကံများပင်ဖြစ်၍ ၎င်းနှင့်ဆန့်ကျင်ဘက် မကောင်းတွေးကြံ၊ မကောင်းပြော၊ မကောင်းပြုလုပ်ခြင်းသည် မကောင်းသောအကုသိုလ်ကံ ဖြစ်ပါသည်။ ကုသိုလ်ဆိုသည်မှာလည်း မိမိရော သူတစ်ပါး နှစ်ဦးသား စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ အကျိုးရှိနိုင်သည့် ပြုလုပ်မှုကို ကုသိုလ်ကံဟု မှတ်သားရပြီး မိမိသူတစ်ပါး စိတ်ရောကိုယ်ပါ မချမ်းသာအောင် ပြုလုပ်သည့်အမှုမျိုးကိုတော့ မကောင်းသော အကုသိုလ်ကံဟု သိရှိမှတ်သားရပါသည်။

လူ့လောကတွင်လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး အားလုံးတူညီနေကြသည့်အချက်မှာ အများစုသည် ပုထုဇဉ်များသာ ဖြစ်ပါသည်။ ပုထုဇဉ်လူသားတိုင်း ရှိနေကြသည်မှာ"မေတ္တာ" အချင်းချင်းအပေါ် နှစ်လိုမြတ်နိုးခြင်း၊ "ကရုဏာ" မိမိထက်နိမ့်ကျသည်ကို သနားညှာတာခြင်း၊ "မုဒိတာ" မိမိထက်တိုးတက်ကြီးပွားသူကို တွေ့ရပါက ကိုယ်တိုင်ခံစားရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာရှိတတ်ခြင်း၊ "ဥပေက္ခာ" မုန်းခြင်း၊ ချစ်ခြင်းမရှိ မိမိအား မကောင်းကြံသူကိုပင် လျစ်လျူရှု၍ သည်းခံနိုင်ခြင်း စသောဗြဟ္မစိုရ်တရားလေးပါး ရှိနေနိုင်သကဲ့သို့ အခြားတစ်ဖက်မှလည်း အလိုရမ္မက်ကြီးသည့် လောဘစိတ်၊ လိုတာမရ ရတာမလိုသဖြင့် ဖြစ်ပေါ်ရသောဒေါသစိတ်၊ လောဘဒေါသစိတ်များကို အခြေခံ၍ အကောင်းအဆိုးမခွဲခြားနိုင်သည့် တွေဝေမိန်းမောနေသည့် မောဟစိတ် စသည့်အဆိုးတရား သုံးပါးသည် ပုထုဇဉ်လူသားတို့၏ အသွင်သဏ္ဍာန်တွင် စွဲကပ်နေတတ်ကြပါသည်။

မကောင်းစိတ်ဖြစ်သော လောဘ၊ ဒေါသ၊ မောဟများကို အခြေခံ၍ နောက်ဆက်တွဲအဆိုးတရားများမှာ မာနနှင့်ဣဿာမစ္ဆရိယတရားတို့ပင် ဖြစ်ပါသည်။ ဣဿာဆိုသည်မှာ သူတစ်ပါးကောင်းစားခြင်း၊ သူတစ်ပါး ကြီးပွားနေခြင်းအပေါ် မနာလိုခြင်း (ဥပမာ-သူကငါ့လောက်မတော်ဘဲနှင့် ဒီနေရာဘာကြောင့် ရနေရတာလဲ၊ ဘာကြောင့် ငါ့ထက်တော်နေရတာလဲ၊ ဒီပစ္စည်းမျိုး ငါလိုလူတောင်မသုံးနိုင်ဘဲ သူကဘာလို့သုံးနေရတာလဲ၊ သူနဲ့မတန်လိုက်တာ ဆိုတာမျိုး)နှင့် မစ္ဆရိယဆိုသည်မှာ မိမိတွင်ရှိနေသော စည်းစိမ်ဥစ္စာပစ္စည်း ဂုဏ်သိမ်တို့ကို သူတစ်ပါးအား မျှဝေမပေးလိုခြင်း (ဥပမာ-ဒါမျိုးငါမှအပ ဘယ်သူမှ မသုံးစွဲစေရဘူး၊ နိုင်ငံကြီးများဆိုလျှင် နည်းပညာမြင့်သောငါ့ပစ္စည်းမျိုး သူများနိုင်ငံတွင် မပိုင်ဆိုင်၊ မသုံးစွဲစေရဘူး၊ ပိတ်ပင်တားဆီးရမည်၊ ငါတို့နိုင်ငံကပဲ ထုတ်လုပ်ရောင်းချရမည် ဆိုတာမျိုး)ပင် ဖြစ်သည်။ ထို့ကြောင့် အဆိုးတရားထဲတွင် မနာလို ဝန်တိုမှုဆိုသည့် အဆိုးတရားသည် အဆိုးရွားဆုံးပင်ဖြစ်ပါသည်။ ယနေ့ မျက်မှောက်ကာလနိုင်ငံအတွင်း၊ ကမ္ဘာကြီးအတွင်း ဤမနာလိုဝန်တိုမှုဟူသော ဣဿာမစ္ဆရိယ အဆိုးတရားများကြောင့် မိမိတို့တစ်မိသားစုတည်းမှာပင် အချင်းချင်း အမှုအခင်းဖြစ်ကြ၊ သတ်ကြ ဖြတ်ကြဟူသော အဆိုးရွားဆုံး မကောင်းမှုကံကိုပင် ပြုလုပ်နေတတ်ကြပါသည်။ ဤဣဿာမစ္ဆရိယတရားကြောင့်ပင် ကမ္ဘာကြီးအတွင်း နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ နီးစပ်ရာ အုပ်စုတစ်ခုနှင့်တစ်ခု အငြင်းပွားခြင်း၊ ပြိုင်ဆိုင်ခြင်း၊ ၎င်းမှတစ်ဆင့် သတ္တဝါတို့အတွက် အလွန်အန္တရာယ်ကြီးမားသည့် ယှဉ်ပြိုင်တိုက်ခိုက်သတ်ဖြတ်မှုအထိ မကောင်းသော ဘေးအန္တရာယ်များ ဖြစ်ပေါ်နေကြရပါသည်။

ဤဣဿာမစ္ဆရိယဆိုသည့် မနာလိုဝန်တိုမှုကြောင့်ပင် တစ်ဦးနှင့် တစ်ဦး အကျပ်ကိုင်ခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်းစသည်တို့ကို ပြုလုပ်တတ်ကြလေရာ သတိတရားနှင့် အသိတရားရရှိစေရန်အတွက် ဘုရားဟောတရားတော်အရ ရှေးရှေးကရှိခဲ့သော အကြောင်းအကျိုးသာဓကများကို အောက်ပါအတိုင်း အသိပေးတင်ပြလိုပါသည်-

– ဂေါတမဘုရားရှင်လက်ထက်၌ လာဘ်လာဘအရာတွင် လွန်စွာမှ ထူးခြားလွန်ကဲသော အရှင်သီဝလိ အလောင်းအလျာသည် မိခင်သုပ္ပဝါသမင်းသမီး၏ဝမ်းကြာတိုက်၌ သန္ဓေတည်စဉ်ကပင် ၎င်း၏မယ်တော်မှာ လက်ဆောင်ပဏ္ဏာများစွာ ရရှိခဲ့သည့်အပြင် မယ်တော်၏ လက်ဖြင့် မျိုးစေ့များကို ထိလျှင်ပင် အညှောက်ပေါက် ရှင်သန်ကြီးထွားအထွက်တိုးခဲ့ပါသည်။ ဘဝဘဝက ပြုလုပ်ခဲ့သော ပါရမီကောင်းမှုကုသိုလ်ကံကြောင့် လာဘ်လာဘ ထူးခြားပေများသော်လည်း အခြားတစ်ဖက်မှလည်း အရှင်သီဝလိ အလောင်းအလျာသည် ရှေးဘဝတစ်ခု၌ မကောင်းမှုအကုသိုလ်ကံကြောင့် မိခင်ဝမ်းတွင် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာမှ မွေးဖွားခဲ့သဖြင့် မိခင်ဝမ်း၌ပင် အချိန်ကြာမြင့်စွာ ဒုက္ခခံခဲ့ရပါသည်။ ဤကဲ့သို့ဝဋ်ခံခဲ့ရသည့် အတိတ်အကြောင်းတစ်ခုမှာ တစ်ခုသော ဘဝ၌ ရှင်သီဝလိသားအမိသည် ဗာရာဏသီမင်း၏ မိဖုရားနှင့် သားတော်ဖြစ်ခဲ့၏။ ဗာရာဏသီမင်းအား ကောသလ္လမင်းက စစ်တိုက်အောင်မြင်၍ မိဖုရားကို သိမ်းပိုက်လိုက်သောအခါ လွတ်မြောက်သွားသော သားတော်သည် လူသူလက်နက်အင်အား စုဆောင်း၍ ကောသလ္လမင်းအား စစ်တိုက်ရန်မြို့တော်ကို ဝန်းရံထားရာ မိခင်ဖြစ်သူက လူအများသေကျေမည်ကို စိုးရိမ်သောကြောင့် မတိုက်ခိုက်ဘဲ မြို့အား ဝန်းရံထားရန် အကြံပေးသောကြောင့် ခုနစ်နှစ်ကြာသည်အထိ မြို့အားပိတ်ဆို့ထားရာ မြို့တွင်းမှ တိုင်းသူပြည်သားတို့သည် အစာငတ်မွတ်ခြင်းဘေး၊ ရောဂါဘယမျိုးစုံဖြင့် ဒုက္ခမျိုးစုံခံစားခဲ့ကြရပါသည်။ ဤကဲ့သို့ပိတ်ဆို့ခဲ့သော အကုသိုလ်ဝဋ်ကြွေးကြောင့် မိခင်ရောသားပါ ခုနစ်နှစ်ကျော်ကြာသည်အထိ ပဋိသန္ဓေဒုက္ခကို ခံစားခဲ့ကြရပါသည်။

– ဒုတိယသာဓကတစ်ခုမှာ သာဝတ္ထိပြည်၏သူဌေးကြီး အာနန္ဒသည် ၎င်းတွင်ရှိသည့် ပစ္စည်းဥစ္စာများကို သူတစ်ပါးမြင်မည်စိုး၍ သုံးစွဲစားသုံးရာတွင် အခန်းပိတ်ကာ တိတ်တိတ်ကလေး စားသုံး၊ အသုံးပြုခဲ့ပါသည်။ ထို့ပြင် သူတစ်ပါးတို့က လှူဒါန်းပေးကမ်းသည်ကို မြင်လျှင်လည်း လိုက်လံပိတ်ပင်တားမြစ်ခဲ့ပါသည်။ ဤဣဿာမစ္ဆရိယမကောင်းမှုကံကြောင့် သူဌေးဘဝမှ ကွယ်လွန်သော် သူတောင်းစားရွာတစ်ရွာတွင် သူတောင်းစားသွား၍ ဖြစ်ခဲ့ပါသည်။ ထိုသူဌေးတစ်ဘဝပြောင်း ထိုသူတောင်းစားကိုယ်ဝန်ရှိသည့် အချိန်မှစ၍ ထိုသူတောင်းစားရွာသည် လာဘ်လာဘပိတ်ပြီး တောင်းရမ်းစားသောက်၍ မရတော့ပါ။ သို့အတွက် ရွာအားနှစ်ခြမ်းခွဲ၍ တစ်ခြမ်းစီမှ တောင်းရမ်းသောအခါ မကောင်းသောသန္ဓေယူထားသည့်ဘက်မှ တောင်းရမ်းမရဘဲ အခြားဘက်ခြမ်းမှ တောင်းရမ်းရရှိကာ လာဘ်လာဘများ ပြန်လည်ရရှိလာပါသည်။ ဤသို့အားဖြင့် အစိတ်စိတ် ခွဲခြမ်းလိုက်သောအခါ မိခင်နှင့်သူတောင်းစားသန္ဓေလောင်းသာ ကျန်ပါတော့သည်။ မိခင်သည် သူတောင်းစားကိုယ်ဝန်လွယ်ထားသည့်အချိန်တွင် အစာရေစာမဝ ဒုက္ခမျိုးစုံခံစားရပြီး ထိုသူတောင်းစားငယ် မွေးဖွားပြီးသည့်အချိန်တွင် ကလေးအား အိမ်တွင်ထား၍ ထွက်တောင်းသည့်အခါ စားသောက်စရာ အနည်းငယ်ရပါသည်။ ကလေးပါလာလျှင် လုံးဝလာဘ်မရတော့ပါ။ ထို့ကြောင့် သူတောင်းစားကလေးအား ခွက်တစ်လုံးပေး၍ ပစ်ထားခဲ့ပါသည်။ ထိုသူတောင်းစားလေး ကြီးပြင်းလာသောအခါ လိုက်လံတောင်းစားနေရင်း ယခင်ဘဝက ၎င်းသူဌေးအဖြစ်ဖြင့် နေခဲ့သောအိမ်သို့ရောက်ရှိခဲ့ပါသည်။ ဤအိမ်သည် ငါ့အိမ်၊ ဤနေရာသည် ငါနေခဲ့သည့်အခန်း စသည်ဖြင့် ပြောသောအခါ ၎င်းအိမ်တွင်ရှိသောသူများက မယုံကြည်ကြဘဲ ငေါက်ငမ်းကြိမ်းမောင်း ရိုက်နှက်ကြပါသည်။ ထိုအခါ မြတ်စွာဘုရားကြွလာပြီး အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားသဖြင့် ယခု အိမ်ရှင်မူလသီရိသူဌေးသည် ဤသူတောင်းစားလေးကား ယခင်ဘဝက မိမိ၏ဖခင် အာနန္ဒသူဌေးဖြစ်ကြောင်း သိရှိသွားခဲ့ပါသည်။ အာနန္ဒတစ်ဖြစ်လဲ သူတောင်းစားလေးကလည်း ရှေးဘဝက မြှုပ်နှံထားသော ရတနာရွှေအိုးကြီးငါးလုံးအား သားဖြစ်သူ မူလသီရိအား ဖော်ထုတ်ပြသပေးခဲ့ပါသည်။ ထို့အပြင် သားဖြစ်သူ မူလသီရိအား ဘဝဟောင်းက အာနန္ဒသူဌေးကဲ့သို့ နှမြောတွန့်တိုခြင်း၊ သူတစ်ပါးလှူဒါန်းသည်ကို ပိတ်ပင်တားမြစ်ခြင်းမရှိဘဲ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကမ်းရန် အားပေးတိုက်တွန်းခဲ့ပါသည်။ ထိုတိုက်တွန်းနှိုးဆော်သော ကုသိုလ်ကံကြောင့် သူတောင်းစားလေးမှာလည်း သားဖြစ်သူ၏ ပေးကမ်းလှူဒါန်းခြင်းကို ခံယူရပြီး သူတောင်းစားဘဝမှ လွတ်မြောက်သွားပါသည်။ ထို့အပြင် မူလသီရိနှင့် မိသားစုသည်လည်း ဘုရားရှင်၏ တပည့်သာဝကများ ဖြစ်သွားကြပါသည်။

– တတိယသာဓကတစ်ခုမှာ ဂေါတမမြတ်ဘုရားမပွင့်မီ ပဏ္ဏတိုင်း၊ ရေကစ္ဆမြို့၌ နေပါလမည်သော သူဌေးတစ်ဦးရှိခဲ့၏။ ငွေအသပြာ လှည်းအစီး ၈၀ တိုက်မျှရှိ၍ ရွှေစင်ပုလဲကျောက်မျက်ရတနာများ မရေမတွက်နိုင်အောင် များပြားချမ်းသာသည်။ သို့ရာတွင် သူဌေးကြီးသည် လွန်စွာမှ ကပ်စေးနှဲတွန့်တိုသည်။ ဣဿာမစ္ဆရိယတရားကြောင့် ကိုယ်တိုင်မလှူဒါန်းသည့်အပြင် သူတစ်ပါး လှူဒါန်းထားသော ရေတွင်း ရေကန်၊ ရေအိုးစင်နှင့် ခင်းထားသော လမ်းတံတားတို့ကိုပင် ကိုယ်တိုင်လည်း ဖျက်ဆီး၊ သူတစ်ပါးကိုလည်း ဖျက်ဆီးခိုင်းခဲ့ပါသည်။ ထိုသူဌေးကြီး သေလွန်ပြီးနောက် ပြိတ္တာဘဝရောက်သွားရာ ၅၅ နှစ်တာကြာသည်အထိ လုံးဝရေမသောက်ရ၊ အစာမစားခဲ့ရပါ။ သာဝတ္ထိပြည်သား ကုန်သည် ၅၀၀ တို့သည် ခရီးသွားရင်း မြစ်ချောင်းတစ်ခုဘေး၌ စခန်းချစဉ် နေပါလသူဌေးတစ်ဖြစ်လဲ ပြိတ္တာကြီး၏ ရေငတ်၊ အစာငတ်သဖြင့် ညည်းညူသံကို ကြားကြရသည်။ ကုန်သည်များမှ ပြိတ္တာကြီးကို သွားရောက်မေးမြန်းသည့်အခါ အစာမစား၊ ရေမသောက်ရသဖြင့် ဒုက္ခခံစားနေရကြောင်းနှင့် သူဌေးဘဝက ပိတ်ပင်တားဆီးခဲ့သည်များကို ပြောပြပြီး သူကဲ့သို့ မဖြစ်စေရန် တရားချခဲ့ပါသည်။ လှည်းသား ၅၀၀ တို့က တစ်နေကုန်ရေခပ်၍ ပြိတ္တာကြီး၏ ပါးစပ်ထဲသို့ ရေများလောင်းထည့်ကြပါသည်။ သို့သော် ပြိတ္တာကြီး၏ပါးစပ်မှာ အပ်နဖားပေါက်မျှသာရှိသဖြင့် ပါးစပ်အတွင်းသို့ ရေလောင်းထည့်သော်လည်း ရေမရောက်ဘဲ အာခေါင်စွတ်ရုံသာရှိသည်ဟု ဆိုပါသည်။ ပြိတ္တာကြီးက အသနားခံသည်မှာ သူကိုယ်တိုင် ပြိတ္တာဖြစ်နေ၍ မလှူဒါန်းနိုင်သောကြောင့် သူ့ကိုယ်စား ဘုရား၊ ရဟန္တာ၊ လူပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းပြီး အမျှအတန်း ပေးဝေပေးပါရန် မေတ္တာရပ်ခံခဲ့သဖြင့် လှည်းသားတို့က ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေသော မြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုများလှူဒါန်းပြီး ၎င်းကောင်းမှုအတွက် အမျှအတန်းပေးဝေစေသည့်အခါမှသာ ပြိတ္တာကြီးမှာ အစာရေစာများ ပြန်လည်မှီဝဲသုံးစွဲရကြောင်း သိရှိရပါသည်။ ထိုအချိန်အခါမှစ၍ အလှူအတန်း ပြုလုပ်သည့်အခါတွင် အမျှအတန်းပေးဝေသည့် အလေ့အထလည်း ဖြစ်ပေါ်လာကြောင်း မှတ်သားသိရှိရပါသည်။

အထက်ဖော်ပြပါ သာဓကများကို ကြည့်မည်ဆိုပါက ဣဿာမစ္ဆရိယ မနာလိုဝန်တိုမှု အကုသိုလ်အကြောင်းတရားများကြောင့် ဒုက္ခအဖုံဖုံ တွေ့ကြုံခံစားရပုံများကိုလည်းကောင်း၊ ပိတ်တာဆို့တာများလာပါက နောင်သံသရာတွင် ကိုယ်တိုင် ပြိတ္တာဖြစ်တတ်သည်ကိုလည်းကောင်း ထင်ရှားပေါ်လွင်စွာ တွေ့ရမည်ဖြစ်ပါသည်။ သို့အတွက် ဤဣဿာမစ္ဆရိယတရားကို မိမိတို့စိတ်ဝယ် နည်းပါးပျောက်ကွယ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ ပိတ်တာဆို့တာ ဝါသနာမပါအောင် ကြိုးစားကြရမည် ဖြစ်ပါသည်။ အကယ်၍ ဤဣဿာမစ္ဆရိယတရားကြောင့် ပိတ်ပင်တားဆီးသည့် မကောင်းမှုများ ပြုလုပ်မိခဲ့လျှင် သံသရာ၏ တစ်ကွေ့ကွေ့၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ဤမကောင်းမှုအတွက် တန်ရာတန်ကြေး ပြန်လည်ပေးဆပ်ကြရမည်ဖြစ်ပါသည်။

ဣဿာမစ္ဆရိယတရားတို့သည် သူတစ်ပါးကိုသာ ထိခိုက်စေသည် မဟုတ် ထိုဣဿာမစ္ဆရိယ မနာလိုဝန်တိုရှိသူတို့ကိုယ်တိုင်ပင် ပထမဆုံး ပူလောင်ရသောတရားများဖြစ်ပါသည်။ သူတစ်ပါးအား မုန်းတီးသဖြင့် ရဲရဲနီနေသောသံလုံးအား မိမိလက်ဖြင့် ကိုင်တွယ်ပစ်ခတ်သောအခါ အပစ်ခံရသူမှာ ထိမှန်ပြီး ပူမည် မပူမည် မသိရသော်လည်း ပစ်သူကတော့ အရင်ဆုံးလက်ပူရမှာ သေချာပါသည်။

သို့အတွက် မကောင်းမှုကို မကောင်းမှုမှန်း သိအောင်ပြုလုပ်ပြီး ထိုအသိတရားဖြင့် ပစ္စုပ္ပန်ဘဝတွင် ကောင်းမှုကုသိုလ်များကို များများကြီးအားဖြည့်လုပ်ဆောင်သွားမည်ဆိုပါက ဝဋ်ကြွေးများဖြစ်၍ လုံးဝပျောက်ကွယ်မသွားသည့်တိုင်အောင် လျော့နည်းမှေးမှိန်ပြီး ကောင်းမှုပြုလုပ်သည့် ကုသိုလ်ကံကြောင့် သံသရာတွင်းတွင် ကောင်းကျိုးချမ်းသာများလည်း ပြန်လည်ရရှိနိုင်ပါသည်။ သံသရာအတွင်းတွင် လည်ပတ်နေကြရသည့် ပုထုဇဉ်လူသားများသည် မကောင်းမှုကိလေသာ ကာမဂုဏ်တရားများဖြင့် ကင်းကွာ၍မရနိုင်သောကြောင့် ကောင်းမှုရော မကောင်းမှုပါ ပြုလုပ်နေမိကြမည် ဖြစ်ပါသည်။ သို့သော် အချိန်မနှောင်းသေးပါ။ အသိတရား၊ သတိတရား၊ သဒ္ဓါတရား လက်ကိုင်ထား၍ ဒါန၊ သီလ၊ သမထ၊ ဘာဝနာတရားများကို အားထုတ်ကျင့်ကြံသွားမည်ဆိုပါက တစ်ဘဝထက် တစ်ဘဝ ပါရမီရင့်သန်ပြီး နောက်ဆုံးလူသားတို့ ကြိုးစားအားထုတ်မည်ဆိုပါက နိဗ္ဗာန်ထိပင် ရောက်ရှိနိုင်ပါသည်။ မျက်မှောက်ကာလ လူ့ဘဝသက်တမ်းသည် နှစ် ၁၀၀ တမ်း ဆိုပေသည့် ပျမ်းမျှ ၇၅ နှစ်ခန့်သာ ရှိပါတော့သဖြင့် သတိတရားလက်ကိုင်ထားပြီး လူ့ဘဝကို ရောက်ရှိခိုက် လူ့တန်ဖိုးရှိအောင် ကောင်းမှုကုသိုလ်များကို များများပြုလုပ်နိုင်ပါစေကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာရနိုင်သည်။

(မဟာစည်ဆရာတော်)

သဗ္ဗေသတ္တာ အဝေယာဟောန္တု (သတ္တဝါအပေါင်း ဘေးအန္တရာယ် ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ)။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၈ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား ပညာသင်စရိတ် ကျပ်နှစ်သိန်းထောက်ပံ့ပေးအပ်စဉ်။ (စမ်းစမ်းကြည်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၆-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၁၀	အတီးပြိုင်ပွဲ
၈း၄၀	International News

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)
၅း၂၀	ကမ္ဘာ့သွေးလှူရှင်များနေ့
၅း၃၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆း၀၀	ညနေခင်းသတင်း
၆း၂၀	ပျော်ရွှင်စေသောနေ့ရက်များ **နှလုံးသားမှ ချစ်ပန်းချီ** (အပိုင်း-၁၂)
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ** (အပိုင်း-၁၃)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး**(အပိုင်း-၆၄)

လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် အလင်းသစ်စာကြည့်တိုက် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ အလှူရှင် ဦးမောင်မောင်(ရွှေစံအိမ်)-ဒေါ်မြင့်မြင့်မိသားစုက စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် ၅၀၀၀၀၀ ကို စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကုန်သွယ်မှုလုပ်ငန်းများတွင် လုပ်ငန်းရှင်တိုင်း တန်းတူအခွင့်အရေးများ ရရှိနေပြီဖြစ် ပို့ကုန်အပေါ်ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးထား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်၊ သွင်းကုန်အသစ်များခွင့်ပြု

နေပြည်တော်   ဇွန်   ၁၃

တရားမဝင်ကုန်သွယ်မှုလျှော့နည်းပပျောက်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် **(ယာပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဒီမိုကရေစီထွန်းကားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် အဆက်မပြတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် လုပ်ငန်းရှင်တိုင်း တန်းတူအခွင့်အရေးများ ရရှိနေပြီဖြစ်သကဲ့သို့ ပို့ကုန်အပေါ် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပေးထားပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် လိုင်စင်အများစုကို ရန်ကုန်၌ ပြုလုပ်ပေးနေပြီး ကုန်ပစ္စည်းအချို့ကို Automatic Licensing စနစ် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်၊ သွင်းကုန်အသစ်များ ခွင့်ပြုပေးထားကြောင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ပြည်သူများ ဈေးနှုန်းသက်သက်သာသာ စားသုံးနိုင်ရေးတို့အတွက် မလိုအပ်သည့် ကုန်စစ်စခန်းများ ပိတ်သိမ်းပေးခဲ့ကြောင်း၊ တစ်နှစ်ကျော်ကြာ ပိတ်သိမ်းထားခဲ့သည့် မြဝတီကုန်သွယ်ရေးစခန်းကိုလည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်က တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိစေရန် ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် တရားမဝင်ကုန်သွယ်မှုများ ပိုမိုများပြားနေသည်ကို တွေ့ရပါကြောင်း၊ နယ်စပ်များမှ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီအချို့သည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသဖြင့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ကုန်သည်အသင်းများဖြင့် ပူးပေါင်းဖြေရှင်းခဲ့ရကြောင်း၊ တရားမဝင်ကုန်စည်များ ဝင်ရောက်လာမှုသည် စားသုံးသူများအား အဘက်ဘက်မှ လုံခြုံမှုရှိအောင် စားသုံးသူအကာအကွယ်ပေးရေးသည်လည်း အရေးပါသော စိန်ခေါ်မှုဖြစ်လာကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုလျှော့နည်းကျဆင်းရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးတို့ကို ဆောင်ရွက်သည့်နေရာတွင် အသိပေးခြင်း၊ စည်းရုံးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ အနေဖြင့် တရားမဝင် ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးနည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

ထုတ်ပေးမှုအနေဖြင့် ပိုင်ကျုံမြို့ပေါ် ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကစိုကျေးရွာ၊ ပိုင်ကျုံမြို့နှင့် မိုင် ၂၀ ခန့်ကွာဝေးသည့် ဒေါနတောင်(အရှေ့ခြမ်း)မှ ဝင်းဘောနှင့် တာလေကျေးရွာ၊ ဒေါနတောင် (အနောက်ခြမ်း)မှ မုန်တိုင်း၊ မိကြောင်နှင့် ကြက်တူရွေးကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၃၅၀ ကျော် ရှိကြောင်းသိရသည်။

ယင်းအခမ်းအနားသို့ နယ်မြေအတွင်းရှိ ကေအင်န်ယူတပ်မဟာ(၇) ရင်း(၁၀၁) မှ တပ်ရင်းမှူးအဆင့်ရှိ ဒုတိယဗိုလ်မှူးကြီးဖောဒိုနှင့် တပ်ဖွဲ့ဝင်များလည်း ပါဝင်တက်ရောက်ကြပြီး ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး ပြည်နယ်အနှံ့၌ မိုးပွင့်အဆင့် (၁)၊ (၂)၊ (၃) စီမံချက်တို့ဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ဖြေလျှော့သောစနစ်သစ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးတွေ့မြင် ကြားသိကြမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ယခုကဲ့သို့ဆောင်ရွက်မှုများအပေါ် ရန်ကုန်မြို့ အခြေစိုက် လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် NRC အဖွဲ့မှ နိုင်ငံတော်အစိုးရသစ်၏ ထင်သာမြင်သာရှိသော တိုးတက်ပြောင်းလဲလှုပ်ရှားမှုတစ်ရပ်အဖြစ်သို့ မြင်သဖြင့် ထောက်ခံအားပေးသည့်အနေဖြင့် ပူးပေါင်းအကူအညီပေးလိုပါကြောင်းကို ညှိနှိုင်းတင်ပြလာပါကြောင်း၊ ထို့ကြောင့် ဒေသခံကျေးရွာသားများမှ တစ်နေရာတည်းတွင် ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များဖြစ်သော ဓာတ်ပုံရိုက်ခြင်း၊ သွေးစစ်ခြင်း၊ မိတ္တူကူးခြင်း၊ ကတ်ပြားများ ပလတ်စတစ်လောင်းခြင်းတို့အတွက် အခငွေအစရှိသည့် ကုန်ကျစရိတ်များကို ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများအတွက် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ NRC အဖွဲ့သည် ကရင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တရားဝင်ကူညီ ဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် ယခုကဲ့သို့ ကွင်းဆင်း၍ One Stop Service ဖြင့် အခမဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မွေးရာပါနိုင်ငံသား အရည်အချင်း ပြည့်မီသူများအတွက် ဆောင်ရွက်ထုတ်ပေးခြင်းဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈)ပါ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝ ခံစားရသည့် အထောက်အထားဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ဤသည်မှာ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကိုပထမဦးစွာ ရရှိခံစားကြရခြင်းဖြစ်ပါကြောင်း၊ ရရှိကြသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ပျက်စီးပျောက်ဆုံးမှုမရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံတိုင်းရင်းသားများကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကေအင်န်ယူအဖွဲ့အစည်းမှ ဒုတိယဗိုလ်မှူးကြီးဖောဒိုက ဒေသခံတိုင်းရင်းသားများ၏ အိပ်မက်ကို အကောင်အထည်ဖော်ပေးခြင်းဖြစ်ပြီး အမှန်တကယ် အကျိုးရှိသည့်လုပ်ငန်းဖြစ်၍ နိုင်ငံတော်အစိုးရနှင့် ကူညီပံ့ပိုးပေးသည့်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ကတ်ပြားများကို တန်ဖိုးထားကိုင်တွယ် ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားပြီး NRC မှ Country Director,Mr. Christopher Bleers က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မိုးပွင့်စီမံချက်များဖြင့် ကရင်ပြည်နယ်အတွင်းကွင်းဆင်းဆောင်ရွက်ပေးမှုများနှင့် ပြည်သူများကြုံတွေ့ရသည့်အခက်အခဲများကို ကူညီဖြည့်ဆည်းပေးလိုသဖြင့် လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကိုလှူဒါန်း၍ အခမဲ့ဆောင်ရွက်ပေးရန် တင်ပြဆောင်ရွက်ခြင်းဖြစ်ပါကြောင်းနှင့် ကရင်ပြည်နယ်အတွင်းအဖွဲ့ (၇) ဖွဲ့ခွဲ၍နေရာအနှံ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စုပေါင်းရုံးခန်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည်သတင်းမီဒီယာအဖွဲ့ (၁၃) ဖွဲ့နှင့် တွေ့ဆုံရာ ဝန်ကြီးဌာန၏ မိုးပွင့်စီမံချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များ၊ NRC အဖွဲ့မှ ပူးပေါင်းကူညီမည့် အခြေအနေများ၊ ကေအင်န်ယူအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍မေးမြန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့်မိုးပွင့်စီမံချက်များတွင် One Stop Service ဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ဓာတ်ပုံကူးစက်၊ မိတ္တူကူးစက်၊ သွေးစစ်ကိရိယာ၊ ပလတ်စတစ်လောင်းစက်၊ အသေးစားမီးစက်နှင့် ရုံးသုံးစာရေးကိရိယာများကို NRC မှ Country Director, Mr. Christopher Bleers က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ဦးသောင်းဇော်က ပြည်သူတစ်ဦးချင်းထံ ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ကေအင်န်ယူတပ်ဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ကေအင်န်ယူအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးဖောဒိုထံ ပေးအပ်သည်။

ယင်းနောက်ဒေသခံတိုင်းရင်းသားများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုတစ်နေရာတည်း၌ One Stop Service ဖြင့် အခမဲ့ဆောင်ရွက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများအပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းပြောကြားကြပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇွန် ၁ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ ကရင်ပြည်နယ်အတွင်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အပေါ် အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား UNDP(Asia- Pacific Regional Centre) အဖွဲ့မှ Mr.Thomas Beloe နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ပညှိအဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော်   ဇွန်   ၁၃

ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား EUROPE- ASEAN BUSINESS ALLIANCE အဖွဲ့ South East Asia, Global Operations, Vice President, Mr.Graham ALMOND ခေါင်းဆောင်သော အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ UNDP (Asia- Pacific Regional Centre)အဖွဲ့မှ Mr.Thomas Beloe ခေါင်းဆောင်သောအဖွဲ့သည် ညနေ ၃ နာရီတွင်လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။

EUROPE- ASEAN BUSINESS ALLIANCE အဖွဲ့နှင့် တွေ့ဆုံရာတွင် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ခေတ်မီစက်ပစ္စည်းကိရိယာများကို ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေး ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပံ့ပိုးမှုများ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပံ့ပိုးကူညီမှုများ၊ ဝေးလံခက်ခဲသော ဒေသများ၏ ကျန်းမာရေးဆောင်ရွက်မှုများ၊ ခွေးရူးရောဂါကာကွယ်ဆေးနှင့် အခြားကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကာကွယ်ဆေးရရှိမှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

UNDP(APRC) အဖွဲ့နှင့်တွေ့ဆုံရာတွင် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိခင်မွေးကင်းစနှင့် ကလေးသူငယ်စောင့်ရှောက်မှုလုပ်ငန်းများ၊ ကုလသမဂ္ဂထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လုပ်ငန်းကိစ္စရပ်များ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါရှာဖွေကုသရေးလုပ်ငန်းများ၊ ဆေးယဉ်ပါးမှုရှိသော တီဘီရောဂါအတွက် ပိုမိုအစွမ်းထက်သည့် ဆေးဝါးများဖြင့် ကုသရေးလုပ်ငန်းများ၊ ငှက်ဖျားဆေးယဉ်ပါးမှုနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း အစီအစဉ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာ သိန်းသိန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်၌ ကျွန်းသစ်များဖမ်းဆီးရမိ ကားဂျိုက်ဖြင့်ပစ်ပေါက်မှုကြောင့် မှန်လုံယာဉ်တစ်စီး ရှေ့လေကာမှန်ထိမှန်အက်ကွဲ

နေပြည်တော်   ဇွန်   ၁၃

ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်၌ ဇွန် ၁၂ ရက်က ကျွန်းသစ်များ ဖမ်းဆီးရမိမှုနှင့် ကားဂျိုက်ဖြင့်ပစ်ပေါက်မှုကြောင့် မှန်လုံယာဉ်တစ်စီး ရှေ့လေကာမှန် ထိမှန်အက်ကွဲခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းသစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့်အဖွဲ့၏ အကူအညီတောင်းခံမှုအရ ရန်ကုန်-မန္တလေးအမြန်လမ်းရှိ ကျန်ချောင်းတံတားရဲကင်းမှ ရဲကင်းမှူးနှင့်အဖွဲ့သည် မန္တလေးမှ ရန်ကုန်သို့ထွက်ခွာလာသည့် ရွှေရတနာမှန်လုံခရီးသည်တင်ယာဉ်အား ၄င်းနေ့ည ၁၀ နာရီခန့်က မိုင်တိုင်အမှတ်(၇၆/၀)၌ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ အမျိုးသားသုံးဦးမှာ ဆင်းလာပြီး ယာဉ်ပေါ်တွင်မည်သည့်အရာမျှမပါကြောင်း ပြောကြားခဲ့ကြောင်း၊ ထိုအချိန်တွင် စူပါကာစတန်ယာဉ်တစ်စီး မှန်လုံယာဉ်ရှေ့၌ရပ်တန့်ရာ ၄င်းတို့သုံးဦးမှာ စူပါကာစတန်ယာဉ်ပေါ်သို့တက်သွားပြီး ရန်ကုန်ဘက်သို့မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ မှန်လုံယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးရာ မှန်လုံယာဉ်ပေါ်နှင့် ယာဉ်၏ဝမ်းဗိုက်အတွင်း၌ ကျွန်းသစ်ခွဲသားများတွေ့ရှိရသဖြင့် ၄င်းယာဉ်အား မြို့ချောင်းသစ်တောရုံး၌ ထိန်းသိမ်းထားကြောင်း။

ထို့ပြင် ယင်းနေ့ည ၁၀ နာရီခွဲခန့်တွင် ရန်ကုန်မှ မန္တလေးသို့မောင်းနှင်လာသည့် GT-Group မှန်လုံယာဉ်မှ ယာဉ်နောက်လိုက်က မိုင်တိုင် (၇၆/၀) အနီးရှိ ကျန်ချောင်းတံတားပေါ်၌ လမ်းပိတ်ရပ်ထားသော ပါဂျဲရိုးအနက်ရောင်ယာဉ်အား လမ်းဖယ်ခိုင်းသဖြင့် ပါဂျဲရိုးယာဉ်ပေါ်ပါအမျိုးသားတစ်ဦးက ကားဂျိုက်ဖြင့်ပစ်ပေါက်ခဲ့ရာ မှန်လုံယာဉ်၏ ရှေ့လေကာမှန်ဘယ်ဘက်ခြမ်းထိမှန်အက်ကွဲခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ဘိုင်းဒါး ရဲကင်းမှူးနှင့်အဖွဲ့က အခင်းဖြစ်ပွားသည့် တံတားပေါ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ စုံစမ်းဖော်ထုတ်ချက်များအရ ရွှေရတနာမှန်လုံယာဉ်ပေါ်မှ ကျွန်းသစ်များ၏ ပိုင်ရှင်မှာ ပါဂျဲရိုးယာဉ်ပေါ်တွင် ပါရှိသည့် သန်းထွန်းဦး(ဘ) ဦးမောင်တင် ကျောက်တံခါးမြို့နယ်နေသူ ဖြစ်ကြောင်းနှင့် ကားဂျိုက်ဖြင့်ပစ်ပေါက်ခဲ့သူမှာ ၄င်း၏သားဖြစ်သူ မင်းသူရ ဖြစ်ကြောင်းသိရသည်။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝအမောပြေ

သစ္စာရှိပုံက — အာကာဟိန်း-ရေးသားသည်

ဇနီးမောင်နှံအဖြစ်မှ ကွာရှင်းလိုကြောင်း ဇနီးဖြစ်သူက လာရောက်တိုင်ကြားသဖြင့် တရားသူကြီးက ခင်ပွန်းဖြစ်သူအား ခေါ်၍မေးမြန်းလေသည်။

တရားသူကြီး ။ ။ မောင်မင်းရဲ့ဇနီးက မောင်မင်းနဲ့ ကွာရှင်းလိုကြောင်း တရားရုံးမှာ ဦးတိုက်လျှောက်ထားတယ်။

ခင်ပွန်း ။ ။ ဟုတ်ကဲ့။

တရားသူကြီး ။ ။ ဘာဖြစ်လို့…ဇနီးဖြစ်သူက ကွာရှင်းချင်နေတာလဲ။

ခင်ပွန်း ။ ။ ကျွန်တော်က သစ္စာမရှိဘူးပြောတယ်။

တရားသူကြီး ။ ။ မောင်ရင်က ဇနီးအပေါ် သစ္စာမရှိဘူးလား။

ခင်ပွန်း ။ ။ ရှိပါတယ်. . . သူက မယုံတာပါ။

တရားသူကြီး ။ ။ မောင်မင်းက… ဇနီးဖြစ်သူ ကိုယ့်အပေါ်ယုံကြည်အောင် နေထိုင်မပြဘူးလား။

ခင်ပွန်း ။ ။ ကျွန်တော်နေထိုင်ပြတာကို ဇနီးက ဒေါသထွက်နေလို့ပါ။

တရားသူကြီး ။ ။ ဘယ်လိုနေထိုင်ပြလို့လဲ…။

ခင်ပွန်း ။ ။ ကျွန်တော်အရင်ကတည်းကတွဲလာခဲ့တဲ့ မိန်းကလေးတွေကိုလည်း အခုအထိ သစ္စာရှိရှိနဲ့ တွဲနေတုန်းဆိုတာ သူ့ရှေ့မှာ နေထိုင်ပြခဲ့တာပါ။

တရားသူကြီး ။ ။ “ဟေ”

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော်   ဇွန်   ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

14-6 (09).pmd 1 6/14/2012, 2:13 AM

လွှတ်တော်ရေးရာကော်မတီနှစ်ရပ်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံ

ရန်ကုန် ဇွန် ၁၃

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှစ်ရပ်နှင့်မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်(**အပေါ်ယာပုံ**)က ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်ရာတွင်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးလုပ်ငန်းများအကောင်အထည်ဖော်ရာတွင်လိုအပ်မည့် အခြေအနေကိစ္စရပ်များကို လေ့လာဆန်းစစ်သုံးသပ်ရန်ယခုကဲ့သို့ တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ သွားရောက်၍ ပြည်သူများ၏အသံများကိုစုစည်းနေခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးရဲမြင့်က တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်နှင့်ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူတို့က ခရီးစဉ်နှင့်ပတ်သက်သည်များကိုရှင်းလင်းပြောကြားကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက ဒေသ၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကော်မတီ ဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေပညာရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကော်မတီဥက္ကဋ္ဌတို့က နိဂုံးချုပ်စကား ပြောကြားကြသည်။

အပြန်အလှန်နားလည်မှု

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့်ကော်မတီဝင်များသည်မွန်းလွဲ ၁ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ဆရာဆရာမများ၊မြို့မိမြို့ဖများ၊လူမှုရေးအသင်းအဖွဲ့များ၊စီးပွားရေးလုပ်ငန်းရှင်များ၊တိုင်းရင်းသားများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံရာ ကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ကော်မတီ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များဖြစ်သောတိုင်းရင်းသားညီအစ်ကို အချင်းချင်းအပြန်အလှန် နားလည်မှု ပိုမိုတည်ဆောက်နိုင်ရန်၊စည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်း ဖော်ဆောင်နိုင်ရန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အစဉ်ထာဝရ ချစ်ကြည်ရင်းနှီးမှုနှင့် တည်ငြိမ်အေးချမ်းမှု ရရှိရန်၊ တိုင်းရင်းသားလူမျိုးများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ဆိုင်ရာလေ့လာရန်၊ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများလေ့လာရန်နှင့် တိုင်းရင်းသားလူမျိုးများ၏လူမှုစီးပွားဘဝများကို လေ့လာရန် ရည်ရွယ်၍ ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများထံမှ ရင်တွင်းစကားသံများကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ် ရယူနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားကာ ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေပညာရှင်များကပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က နိဂုံးချုပ်စကား ပြောကြားသည်။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့်ကော်မတီဝင်များသည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် မင်းဘူးမြို့ရှိ သမိုင်းဝင်ရှင်ပင်စက္ကိန်းတဲစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး နဂါးပွက်တောင်တော်မြတ်သို့သွားရောက် လေ့လာခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အာဆီယံအင်ဂျင်နီယာအသင်းများ၏ အသင်းချုပ် နှစ်ဝက်အစည်းအဝေး (AFEO-Midterm Meeting) သို့ တက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဗဟိုကော်မတီဝင် ဦးတင်မောင်ဝင်းတို့ ဇွန် ၁၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ လိုက်ပါပို့ဆောင်ကြစဉ်။ (မြန်မာ့အလင်း)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြည်မြို့နယ်၌ကျင်းပ

ပြည် ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက်က ပြည်မြို့နယ် စက်မှုဇုန်(၂) ရှင်းလင်းဆောင်လမ်းမ ဝဲ/ယာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး၊ ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ပြည်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သိန်းဝင်းနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မဲဇလီ၊ ယူကလစ်၊ အော်ရီးရှား ပျိုးပင်ပေါင်း ၁၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

ကော့ကရိတ်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကော့ကရိတ် ဇွန် ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက အထက(၁) သီရိ ရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်၊ ပြည်နယ်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ပညာရေး)**

ပုသိမ်မြို့နယ်၌ စာအုပ်စာစောင်များလှူဒါန်း

ပုသိမ် ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် မိုးကုတ်ကျေးရွာရှိ ဆာမယ်ထော် စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို အမှတ်(၇၆) အခြေခံပညာ မူလတန်းကျောင်း၌ မေ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇောနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦးတို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် စာအုပ်စာစောင်နှင့်ရေဒီယိုတို့ကိုပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများက ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ဖြင့် တည်ဆောက်ခဲ့ပြီး စာကြည့်တိုက်ကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ နာယကသိက္ခာတော်ရဆရာတော် ဦးစောလယ်ဝါးခွေနှင့် World Vision တာဝန်ခံ ဦးစောလင်းချယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၁၃

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပွဲကျဈေးသည်များနှင့် အနေးယာဉ်မောင်းများ၏ သားသမီးများအား အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း အတိုးရငွေမှ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၅ ရက် ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲကျဈေးသည်များနှင့် အနေးယာဉ်လုပ်သားများ၏ သားသမီး ၂၆ ဦးအတွက် ကျောင်းဝတ်စုံ ၂၆ စုံတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က တစ်ဦးချင်းစီအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝဇ၅)

တောင်တွင်းကြီးမော်ကွန်းစာအုပ် ထုတ်ဝေမည်

ရန်ကုန် ဇွန် ၁၃

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ တောင်တွင်းကြီးမော်ကွန်းစာအုပ်ကို မကြာမီထုတ်ဝေမည်ဖြစ်ရာ တောင်တွင်းကြီးမြို့ မော်ကွန်းစာအုပ်အတွက် စာမူများ၊ ဓာတ်ပုံများနှင့် ပန်းချီကားများကိုစာမျက်နှာတစ်မျက်နှာမှ အများဆုံးငါးမျက်နှာအထိ ရေးသားပေးပို့ကြရန်နှင့် စာမူပေးပို့လိုသူများ ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင် (ငြိမ်း) ဖုန်း-၀၁-၉၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး (မောင်ကျေးဇူး) ဖုန်း-၀၁-၅၃၉၇၃၈၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) အမှတ် (၄၇၄) နတ်စင်လမ်း ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ် ဖုန်း-၀၁-၆၄၇၁၆၃နှင့် ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၀၉-၇၃၁၄၀၉၅၉ တို့ထံသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ငွေများပေး အပ်စဉ်။ (၁၆၆)

စာကြည့်တိုက်ပညာ ကျွမ်းကျင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်မှုသင်တန်း (ဒုတိယအဆင့်)၁/၂၀၁၂ ကို ဇွန် ၁၈ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း အမျိုးသားစာကြည့်တိုက် အမှတ် ၈၅ သီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၀၃၈၇၊ ၆၆၃၉၀၂၊ ဖက်စ် -၆၆၃၉၀၂ တို့သို့ အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံစာကြည့်တိုက်အသင်း)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် နှံ့ပွားလမ်းနှင့် ရန်ကုန်သစ် အောင်ဇေယျလမ်းမများပေါ်ရှိ ကျူးကျော်ဈေးသည်များကြောင့် မီးဘေးစိုးရိမ်ရသည့်အပြင် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ လမ်းသားများ

လောင်စာဆီသိုလှောင်ရုံကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရ

စာတည်းခင်ဗျား-

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက် ကွက်သစ်(၃)လမ်းရှိ သိုလှောင်ရုံတစ်ခုတွင် လောင်စာဆီပီပါများ သိုလှောင်ထားရှိရာ ပတ်ဝန်းကျင် နေထိုင်သူများမှာ မီးဘေးအန္တရာယ်ကို စိုးရိမ်နေရပါသောကြောင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

စပါးခွံမှုန့်ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တရုတ်တန်းရပ်ကွက်ရှိ ဆန်စက်တစ်စက်မှ စပါးခွံထုတ်လွှတ်သည့် နေရာသည် လူနေအိမ်များနှင့် ကျောချင်းကပ်လျက်ထားရှိသဖြင့် စပါးခွံမှုန့်များကြောင့် ဒေသခံ ပြည်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဝါးခယ်မသား

ညှော်နံ့များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မကွေးလမ်း စက်မှုဇုန်(၁)ရှိ အကြော်လုပ်ငန်းတစ်ခုမှ နေ့စဉ်ကြော်နေသော အညှော်နံ့များကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူများ**

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ရွှေရတုမင်္ဂလာ

သုဝဏ္ဏမြို့ စုပေါင်းအိမ်ရာ၊ သစ်ယာပင်လမ်း၊ အမှတ်(၁၀၇/၂)နေ ဦးကြည်ထွန်း [ဖွံ့ဖြိုးရေးစီမံကိန်းအရာရှိ(ငြိမ်း)၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဗန်ကောက်မြို့]နှင့် ဒေါ်သန်းသန်းတင် (အထက-၁၊ ဒဂုံ၊ ငြိမ်း) တို့၏ ၁၄-၆-၂၀၁၂ ရက်သည် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနေ့သို့ ကျရောက်ခဲ့ပါသည်။

ကျေးဇူးရှင် မိဘနှစ်ပါး အသက်ရာကျော်ရှည်ကြာစွာနေရပြီး သားသမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာယာဝပြောသော ဘဝခရီးလမ်းတစ်လျှောက် နေနိုင်ကြပါစေရန် သားသမီးများက ရိုသေလေးစားစွာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

သမီး - ဒေါ်စုလေးမေ (Assunption University-Bangkok)
သားကြီး - ဦးမျိုးသန့်ထွန်း (Anfrafer Pte., Ltd. Singapore)
သားငယ် - ကိုဝင်းမျိုးသန်း (Brad Ford University Bangkok)





တောင်သူလယ်သမားများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်း တိုးမြှင့်သတ်မှတ်

ယခု ၂၀၁၂ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီကာလတွင် တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံအပေါ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

ယခင် စိုက်ပျိုးစရိတ်ထုတ်ယူထားခဲ့သည့် ချေးငွေများကို အကျေပြန်လည်ပေးဆပ်ပြီးဖြစ်သည့် တောင်သူလယ်သမားများကို ယခု မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ် တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသော တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပေးဆပ်ရန် တာဝန်ရှိသည်များကို အမြန်ပြန်လည်ပေးဆပ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၏ မြို့နယ်များအလိုက် နှိုးဆော်ကြပ်မတ် ဆောင်ရွက်ပေးသွားနိုင်ရန် ကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးညွန့်လှိုင်-ဒေါ်စမ်းစမ်းထွေး တို့၏သမီး **မအေးသီရိမြတ်**သည် ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)မိတ္ထီလာမှ ခုံအမှတ် မထ-၂၃၀ ဖြင့် ဝင်ရောက်ဖြေဆိုရာ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်သည့် သမီးကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

လေးလေး ထွန်း - အန်တီ ကျော့
ညီမလေး - ဆုချမ်းမြေ့ဆင့်(ခ) စုပုံ
မောင်လေး - ဝေယံမင်းလှိုင်(ခ) ဖိုးလပြည့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၂၅၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ မြေကွက် အမှတ် ၆/ဘီ/၅ ၊ ဧရိယာ ၀ ဒသမ ၂၃ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် မြေရှင်/အိမ်ရှင်ဖြစ်သူ **ဒေါ်ခင်ညွန့်**နှင့် ကန်ထရိုက်တာဖြစ်သူ **ဦးစိုးတင့်(Top Win Construction)**တို့သည် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုပြီးနောက် အဆောက်အအုံသစ် ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါ မြေရှင်/အိမ်ရှင်**ဒေါ်ခင်ညွန့်**နှင့် ကန်ထရိုက်တာ **ဦးစိုးတင့်**တို့ ပြုလုပ်ချုပ်ဆိုခဲ့သော စာချုပ်များအား နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံနှင့်ပတ်သက်၍ ကန်ထရိုက်တာဦးစိုးတင့်သည် တစ်စုံတစ်ရာပတ်သက်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ စီ-၈၉၊ မြေကွက်အမှတ် ၂၆၇၊ မြေကွက်တည်နေရာ အမှတ် ၂၉၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ် Ma Aye Thin အမည်ပေါက်စက္ကူတာ မြေအား အမည်ပေါက် မိခင် ဒေါ်အေးသင်၊ ဖခင် ဦးလှမောင်၊ သား ဦးဝင်းလှိုင်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းမြင့် ၁၂/ရကန(နိုင်) ၀၂၇၇၀၂၊ (၂)ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၆၁၆၈၃၊ (၃) ဒေါ်စန်းရီ L/RGN -၀၁၇၅၆၅၊ (၄) ဒေါ်ငွေငွေ ၁၂/တမန(နိုင်)၀၇၀၁၀၄၊ (၅) ဒေါ်အေးအေး ၁၂/ဒဂတ (ယ)၀၃၂၂၁၅၊ (၆) ဒေါ်ဝင်းဝင်းမော် ၁၂/တမန(နိုင်)၀၆၆၀၇၅၊ (၇)ဒေါ်စန်းစန်း ၁၂/တမန(နိုင်)၀၁၆၈၄၄ တို့က သားသမီးနှင့် ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ပြုလုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



တစ်ဦးတည်းဖြစ်ပါကြောင်း

အထက အစင်ရှာ ရေးမြို့နယ် နဝမတန်းမှ မမေဇင်မိုး၏ ဖခင်အမည်မှာ ဦးသံချောင်း(ခ) ဦးအောင်စန်းထွန်း တစ်ဦးတည်းဖြစ်ပါသည်။ **ဦးသံချောင်း(ခ)ဦးအောင်စန်းထွန်း**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

- စမ်းချောင်း၊ အကျယ်ပေ(၃၀×၄၅) စတုတ္ထထပ်၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရိုက်။
- အိပ်ခန်း(၂)ခန်း၊ ကောနစ်၊ (မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ၊ ဝရန်တာ) ကြွေပြားကပ်။
- ကိုယ်ပိုင် (ရေမီး)၊ ပြင်ဆင်ပြီး၊ အသင့်နေတိုက်ခန်းကျယ်၊ လေဝင်လေထွက်ကောင်း၊ ကျပ်သိန်း-၃၉၀။ **ဖုန်း-၀၉-၇၃၂၀၁၁၇၉**

အမည်မှန်

ဦးအားဌေး၏သား ကျိုင်းတုံမြို့၊ အထက-၅၊ ဆဋ္ဌမတန်း(ခ)မှ မောင်အားဂျော့၏ အမည်မှန်မှာ မောင်အားချာ ၁၃/ကတန(နိုင်) ၁၅၇၄၄၈ဖြစ်ပါသည်။ **မောင်အားချာ**

အမည်ပြောင်း

ဦးစိန်မြင့်၏သား အထက (၅) တာမွေ Grade(11)မှ မောင်ဝေယံ အောင်အား ယနေ့မှစ၍ မောင်သူရစိန်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရစိန်မြင့်

တစ်ဦးတည်းဖြစ်ကြောင်း

အထက၊ အစင်ရွာ၊ ရေးမြို့နယ်၊ တက္ကသိုလ်ဝင်တန်းမှ မရွှန်းလဲ့ဝေ၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း(ခ) ဦးနေဝင်း တစ်ဦးတည်းဖြစ်ပါသည်။

ဦးညိုဝင်း(ခ) ဦးနေဝင်း

တစ်ဦးတည်းဖြစ်ကြောင်း

အထက၊ ဒူးယားရွာ၊ ရေးမြို့နယ်၊ တက္ကသိုလ်ဝင်တန်းမှ မရတနာမွန်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိန်(ခ) ဦးမွန်စိန် တစ်ဦးတည်းဖြစ်ပါသည်။

ဦးမောင်စိန်(ခ) ဦးမွန်စိန်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 3 Meter VSAT Link System 1 Set
(ခ) Fibre Interface & Video Equipment 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ရက်မှ ၂၁-၆-၂၀၁၂ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၂ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပြည်တွင်း/ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

1.	Nikon Flash Speed Light (SB-700)	2 Nos
2.	Nikon Lens AF-SDX 18-200mn F3.5,5.6 GED VR II Lens	2 Nos
3.	Switch 24-Ports DGS 1024D D-Link	1 No
4.	Nikon Digital Camera D300s	2 Nos
5.	Digital Camera Sony ∝ 290Y	150 Nos
6.	Panasonic AVCHD Camcorder model: AG-AC7	10 Nos
7.	Airconditioner (Split Type) (2HP) with Installation material	1 No
8.	Personal Computer Processor Core i7	15 Nos
9.	Laser Printer(A4)Canon Laser Shot LBP-2900B	15 Nos
10.	Document Scanner Canon DR-3010C	1 No
11.	Digital Multifunction Copier(A3)Konica Bizhub-211	3 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ရက်မှ ၂၄-၆-၂၀၁၂ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၂ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

ပြည်တွင်း/ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃

ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများဆတက်ထမ်းပိုး ပိုမိုအောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Capital Diamond Star Group

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ လမ်းမတော်လမ်းနေ (စံချိန်မီ-အမြန်ယာဉ်) လုပ်ငန်းမိသားစုများ၏ ချစ်မြေး၊ ချစ်သမီး၊ ချစ်တူမလေး မဖြိုးပြည့်ပြည့်ညိမ်း(ခ) ပိုပိုတုံသည် အထက-၂၊ ကမာရွတ်ကျောင်းမှ ခုံအမှတ် (ဆကရ-၆၉၀)ဖြင့် ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဘာသာစုံ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါ၍ အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အောင်မြင်မှုပေါင်းများစွာဖြင့် ဘာသာ၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်သော သမီးရတနာဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်ဘိုးဘိုးကြီး - ဦးလှထွန်း
ချစ်ဘွားဘွားကြီး- ဒေါ်ခင်သန်း
ချစ်ဖေဖေ၊ ချစ်မေမေ၊ ဘဘကြီး၊ ဦးဦး၊ ဒေါ်ဒေါ်များနှင့်
တုံ (၉)ဖော် မမ၊ မောင်လေး၊ ညီမလေးများ
စံချိန်မီ -မိသားစု၊ သုံးဆယ်မြို့

အမှား ပြင်ဆင်ချက်

၇-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈၊ ကော်လံ ၂ အများသိသာရန်ကြော်ငြာတွင် ဦးချမ်းမြေ့ဝင်း ၁၂/သလန(နိုင်)၀၃၃၇၀၂အစား ဦးချမ်းမြေ့လင်း ၁၂/သလန(နိုင်) ၀၉၂၃၈၇ဟု ပြင်ဆင်လိုက်သည်။

ကျေးဇူးအထူးတင်ရှိခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မစန္ဒီကျော် ခုံအမှတ် မနမ-၃၉၃ (အထက-၈ မန္တလေး)၏ တက္ကသိုလ်ဝင်စာမေးပွဲကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်အောင် အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးခဲ့ပါသော အထက-၈၊ မန္တလေးမှ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဘာသာရပ်ဆိုင်ရာ ဆရာမများအားလည်းကောင်း၊ အနီးကပ်ကြီးကြပ်သင်ကြားပေးပါသော ဆရာမဒေါ်ဌေးဌေးလွင်၊ ဒေါ်စန္ဒာနှင့် ဒေါက်တာအေးမွန်ဖြိုးတို့အားလည်းကောင်း၊ သူငယ်တန်းမှ သတ္တမတန်းအထိ ပညာသင်ကြားပေးခဲ့သော အလက(မြို့မ)အမရပူရမြို့မှ ဆရာ၊ဆရာမများအားလည်းကောင်း၊ အခြေခံပညာမူလတန်း၊ အလယ်တန်း အဆင့်စာများကို အနီးကပ်သင်ကြားလမ်းညွှန်ပေးသော ဒေါ်လွင်လွင်အေးအလက (မြို့မ)နှင့်ဒေါ်သိမ့်ရတနာဦး တို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

မြန်မာစာ-ချယ်ရီမြေမောင်တင်ထွန်း
အင်္ဂလိပ်စာ-ဦးမျိုးသန်းနိုင်၊ ဦးဝေယံစိုးမိုး
သင်္ချာ-ဦးမျိုးညွှန့်
ရူပဗေဒ-ဒေါ်နုနုလှိုင်
ဓာတုဗေဒ-ဦးအေးအေး(သမီး)ဒေါ်လဲ့လဲ့အေး
ဇီဝဗေဒ-ဦးသက်ဦးတို့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဦးကျော်ကျော်-ဒေါ်မေသကြိန်
သမီး-စန္ဒီကျော်
သိင်္ဂကျော်ပိုးထည် (အမရပူရမြို့)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်ကျော်-ဒေါ်မေသကြိန်(သိင်္ဂကျော်ပိုးထည်-အမရပူရမြို့)တို့၏သမီး မစန္ဒီကျော် ခုံအမှတ် မနမ-၃၉၃၊ အထက-၈၊ မန္တလေးသည် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်၍ ဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘွားဘွားကြီး-ဒေါ်ခင်ညွန့်နှင့်
ဆွေမျိုးမိသားစုများ
ဇော်ညီနောင်အိမ်ဆောက်ပစ္စည်းဆိုင်
အမှတ် ၁၁၄၊ အုန်းပင်တန်း၊ ပဲခူးမြို့

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်ဝင်း-ဒေါ်အေးအေးမာ
Aung Brother Group

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ အလက(ခွဲ)၊ ရေငယ်၊ သတ္တမတန်းမှ မောင်ကောင်းပြည့်၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင် ၉/ပဥလ(နိုင်) ၀၄၅၀၈၁ ဖြစ်ပါကြောင်း။

ဦးကျော်လှိုင်

ဖခင်အမည်မှန်

အင်းတော်မြို့၊ အထကကျောင်း တက္ကသိုလ်ဝင်တန်း(C)တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းချစ် ၉/ညဥန(နိုင်)၁၂၉၂၈၃ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

အထက အစင်ရွာ၊ ရေးမြို့နယ်၊ နဝမတန်းမှ မသူဇာဦး၏ဖခင်အမည်မှာ ဦးပိုင်ပိုင်(ခ) ဦးဝင်းပိုင်တစ်ဦးတည်း ဖြစ်ပါသည်။

ဦးပိုင်ပိုင်(ခ)ဦးဝင်းပိုင်

လက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်အေးကို ၁၄/မအပ(နိုင်)၁၆၈၈၇၈နှင့် ကျွန်မ မသီတာမြ ၁၂/ဥကတ(နိုင်)၀၃၀၃၈၁တို့သည် နှစ်ဖက်လူကြီးမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဦးစီးအရာရှိ ဒေါ်ဌေးဌေးဝင်း၏ရှေ့မှောက်၌ ၁၁-၆-၂၀၁၂ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်အေးကို-မသီတာမြ

မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့
Myanmar Board of Engineers

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းအင်ဂျင်နီယာစနစ် Professional Engineer System ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ PE စနစ်နှင့် PE လျှောက်ထားရန်ကိစ္စများကို အောက်ပါအစီအစဉ်အတိုင်း အသေးစိတ်ရှင်းလင်းပြောကြားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့်အင်ဂျင်နီယာများ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ကျင်းပမည့်ရက် ။ ။၁၅-၆-၂၀၁၂ ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် ။ ။၁၄း၀၀နာရီ (မွန်းလွဲ ၂ နာရီ)
ကျင်းပမည့်နေရာ ။ ။မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်။
စုံစမ်းရန် ။ ။ဖုန်း-၀၁-၅၁၉၆၇၃၊ ၅၁၉၆၇၅ (လိုင်းခွဲ ၁၁၂)

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နေ ဦးခိုင်စိုး-ဒေါက်တာခင်သန်းမြင့်တို့၏သား မောင်လမင်းထက်အား ယနေ့မှစ၍ မောင်လဝန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နေ ဦးခိုင်စိုး-ဒေါက်တာခင်သန်းမြင့်တို့၏သား မောင်လမင်းစိုးအား ယနေ့မှစ၍ မောင်လမင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။



နေပြည်တော် စိုး:စံ လေ့ကျင့်ရေးစခန်း ပြင်ဦးလွင်

- ၁၉၈၃ ခုနှစ်တွင် ဗိုလ်မှူးဖောင်လတ်(ငြိမ်း) B.A.(DSA) D.V.M.C, D.R.M.C (USA) စတင်တည်ထောင်ပြီး ယနေ့အထိ သားဖြစ်သူ ဦးတင်လတ် B.E (RIT) M.B.A. (NUS) နှင့်အတူ စီမံခန့်ခွဲ လေ့ကျင့်ပေးနေသည်။
- တည်ထောင်ချိန်မှစ၍ ယနေ့အထိ စည်းကမ်းကို အခြေခံသည့် စနစ်ကျသော သင်ကြားလေ့ကျင့်မှုများဖြင့် ပြင်ဦးလွင်တွင် ဂုဏ်ထူးအများဆုံး၊ ဆေးကျောင်း အဝင်ဆုံး၊ Top Ten အဝင်ဆုံးအဖြစ် နိုင်မာစွာ ရပ်တည်နေသည်။
- ၂၀၀၉ ခုနှစ်တွင် နေပြည်တော်စိုးစံကို ပထမဆုံး စမ်းသပ်ကိုယ်ပိုင်ပညာသင်ကျောင်းအဖြစ် စတင်ခဲ့ပြီး ပြင်ဦးလွင်စိုးစံနှင့် နေပြည်တော်စိုးစံတွင် Grade 9 မှ Grade 11 အထိ အချိန်ပြည့် အချိန်ပိုင်း သင်ကြားလေ့ကျင့်ပေးနေသည်။
- ထူးချွန်ကြိုးစားသူများကို ပိုမို မြေတောင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပင်ကိုဉာဏ်မြင့်မားပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ထူးချွန်စွာအောင်မြင်ရေးအတွက် ပြည့်စုံစွာသင်ကြားမှု ရယူလိုသူများအား ပညာသင်ဆုများကို နှစ်စဉ်ချီးမြှင့်ပေးနေသည်။
- တိုင်းဒေသကြီးအဆင့် ဘာသာစုံထူးချွန် ပထမ၊ ဒုတိယ၊ တတိယ ရရှိထားသူများအား အဆောင်နေ၊ အဆောင်စား ကျောင်းသားကျောင်းသူများအဖြစ် လေ့ကျင့်သင်ယူမှု ရယူနိုင်ရန် ကျပ်သိန်း ၂၀ အချိန်ပြည့် ပညာသင်ဆု ချီးမြှင့်မည်။
- မြို့နယ်အဆင့် ဘာသာစုံထူးချွန် ပထမ၊ ဒုတိယ၊ တတိယ ရရှိထားသူများအား နေ့တက် ကျောင်းသား ကျောင်းသူများအဖြစ် လေ့ကျင့်သင်ယူမှုရယူနိုင်ရန် ကျပ်၇သိန်း အချိန်ပိုင်း ပညာသင်ဆုချီးမြှင့်မည်။
- အချိန်ပိုင်း ပညာသင်ဆု အရည်အချင်းမီသူများ အချိန်ပြည့်ပညာသင်ဆု လျှောက်ထားလိုလျှင်ဖြစ်စေ၊ သတ်မှတ်အရည်အချင်းများ ပြည့်မီခြင်း မရှိသော်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဉာဏ်ထူးဂုဏ်ထူးနှင့်အထက် အောင်မြင်နိုင်သည်ဟု မိမိကိုယ်ကို ယုံကြည်မှုရှိလျှင်ဖြစ်စေ ပညာသင်ဆု အဆင့်မြှင့်အရည်အချင်းစစ် စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။
- အဆင့်မြှင့်ပညာသင်ဆု စိစစ်ရွေးချယ်ရာတွင် အရည်အချင်းစစ်စာမေးပွဲရမှတ်အပြင် မိဘမဲ့လာခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ လစာနည်းဝန်ထမ်းသားသမီးဖြစ်ခြင်းများကိုပါ ထည့်သွင်းစဉ်းစားမည်။
- ပညာသင်ဆု ခံစားဆဲကာလတွင် သတ်မှတ်အရည်အချင်း မကျဆင်းအောင် ပညာကို ကြိုးစားအားထုတ်ရန်မှအပ အခြားမည်သည့်အနှောင်အဖွဲ့မှ မပါဝင်ပါ။

- နေပြည်တော် - ဉာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး၊ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉
- ပြင်ဦးလွင် - အမှတ်(၂၀၆)၊ ဘီလမ်း၊ ဖုန်း ၀၈၅-၂၂၁၂၈၊ ၂၁၇၉၉

တင်ဒါခေါ်ယူခြင်း

- အောက်ဖော်ပြပါ မြေနေရာတွင် ဟိုတယ်တည်ဆောက်လိုသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-
- နန်းတော်ရာကွင်း၊ အမှတ် ၆၁၃၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ရှိ အကျယ်အဝန်း ၁၇ ဒသမ ၁၇၀ ဧကရှိမြေနေရာ။
- ဟိုတယ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဖော်ပြပါမြေနေရာကို သတ်မှတ်ချက်နှင့်အညီ နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရုံးအမှတ် ၃၂၊ နေပြည်တော်သို့ ၃၀-၆-၂၀၁၂ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်-

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖုန်း-၀၆၇-၄၀၆၁၈၄၊ ၄၀၆၃၃၄

ဟိုတယ်လုပ်ငန်းအတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူခြင်း

- တိုးတက်လာနေသည့် ခရီးသွားလုပ်ငန်းအား အထောက်အကူပြုစေရန် အောက်ပါ အဆောက်အအုံများကို မူလပုံစံမပျက် ဟိုတယ်အသွင်အပြစ် ပြောင်းလဲအသုံးပြုမည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(၁) အမှတ်(၇၇/၉၁)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ရုံးဟောင်းသုံးထပ်အဆောက်အအုံ။

(၂) အမှတ်(၆၀၄/၆၀၈)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရုံးဟောင်းသုံးထပ်အဆောက်အအုံ။

(၃) အမှတ်(၁၉/၄၃)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ်(၅)ရုံးဟောင်း၏ လေးထပ်အဆောက်အအုံ။

(၄) အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံးဟောင်း၏ လေးထပ်အဆောက်အအုံ။

- ဟိုတယ်လုပ်ငန်းဆောင်ရွက်နိုင်ရန် ဖော်ပြပါ အဆောက်အအုံများကို သတ်မှတ်ချက်နှင့်အညီ နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရုံးအမှတ် ၃၂၊ နေပြည်တော်သို့ ၇-၇-၂၀၁၂ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်-

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖုန်း-၀၆၇-၄၀၆၁၈၄၊ ၄၀၆၃၃၄

ဦးအောင်မြင့်၏ အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သံသုမာလမ်းသွယ်(၁၊ ၂၊ ၃)တွင် နေထိုင်ကြသော ဦးတင်ဝင်း၊ ဦးသောင်းရွှေ၊ ဦးအူးမားပသီ၊ ဦးမြင့်လွင်၊ ဦးစန်းမောင်၊ ဦးလှမြင့်၊ ဒေါ်စန်းမြင့်၊ ဒေါ်အေးမာလာအောင်၊ ဒေါ်လွင်လွင်ဦး၊ ဒေါ်ရွှေမှင်သန့်တို့၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ လက်ရှိနေထိုင်သောမြေနှင့်ပတ်သက်၍ ၁-၆-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ၃-၆-၂၀၁၂ရက်စွဲပါ ကြေးမုံသတင်းစာပါ အများသိစေရန်ကြေညာထားသော ဦးအောင်မြင့် ၁၂/ပတတ(နိုင်)၀၁၇၇၀၃၏ ညွှန်ကြားချက်အရ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၃/ခ၊ ဧရိယာ ၄ဒသမ ၁၄၇၈ဧကအနက်မှ မြေကွက်အမှတ် (B,C,D)ဟုခေါ်တွင်သော ခန့်မှန်း ၂ဒသမ ၇၅၈ဧကသည် ဦးစန်းမောင်အမည်ပေါက်ဖြစ်ပြီး ၎င်း၏အမွေဆက်ခံခွင့်ရှိသော ဦးအာသာစန်း၊ ဒေါ်စန္ဒီစန်း၊ ဒေါ်နွယ်နီစန်းတို့ထံမှ ဦးအောင်မြင့်က ဝယ်ယူထားပြီးဖြစ်သည်ဟု တရားလွှတ်တော်ရှေ့နေ ဦးသိန်းစောက သတင်းစာများမှတစ်ဆင့် ဖော်ပြကြေညာခဲ့ပါသည်။

ဦးအောင်မြင့်မှာ အချင်းဖြစ်မြေများကို ဝယ်ယူထားသည်ဟုဆိုသော်လည်း ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနများသို့ ကျွန်ုပ်အမှုသည်များက သွားရောက်စုံစမ်းရာ၌ မြေတိုင်းရပ်ကွက်အမှတ် ၄၆တွင် မြေကွက်အမှတ်များမှာ(၃/င)၊ (၃/စ)၊ (၃/ဆ) ဖြစ်နေပြီး ဦးစန်းမောင်အမည်ပေါက်လျက်ရှိနေသေးကြောင်း တွေ့ရှိရသည့်အတွက် ဦးအောင်မြင့်ဝယ်ယူထားသည့်အထောက်အထားတစ်စုံတစ်ရာမတွေ့ရှိရ၍ တရားဝင်အခွန်ထမ်းဆောင်ပြီး ဝယ်ယူထားခြင်းမဟုတ်သောကြောင့် ခိုင်မာသောပိုင်ဆိုင်မှုမရရှိသေးဘဲ ယခုကဲ့သို့ သတင်းစာများမှတစ်ဆင့် ကြေညာနေခြင်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၈နှစ်ခန့်မှစ၍ တစိုက်မတ်မတ်နေထိုင်လျက်ရှိသော အိမ်ခြေ ၁၁၂လုံးတို့ကိုယ်စား ကျွန်ုပ်အမှုသည်များက ကန့်ကွက်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

ဦးအောင်မြင့်သည် အချင်းဖြစ်မြေနှင့်ပတ်သက်၍ နေထိုင်လျက်ရှိသူများအပေါ် စိတ်ငြိုငြင်စေရန် နောက်ထပ်ပြုမူလာပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း သတိပေး ရှင်းလင်းကြေညာအပ်ပါသည်

လွှဲအပ်ချက်အရ-

ဦးစောဖရီတန် — **အထက်တန်းရှေ့နေ**

ဒေါ်သက်နှင်းဦး — **တရားလွှတ်တော်ရှေ့နေ**

(ရုံး)-၁၄၆၊ မြေညီထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ရန် ကြော်ငြာခြင်း

၁။ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မေတ္တာလမ်း၊ အမှတ် ၁၇၅၂၊ အလျားပေ ၆၀×အနံပေ ၄၀၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အား မူလပိုင်ရှင် ဦးလှသောင် ၉/ပမန(နိုင်)၀၂၂၅၁၀က အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အထက်ဖော်ပြပါမြေကွက်အား မူလပိုင်ရှင် ဦးလှသောင် ၉/ပမန(နိုင်)၀၂၂၅၁၀ထံမှ ဦးဖုန်းမြင့်သိန်း ၉/ပမန(နိုင်)၀၂၂၆၄၃က ၂၀-၅-၁၉၉၅ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ၂၅-၈-၂၀၁၀ရက်တွင် ဦးဖုန်းမြင့်သိန်း ၉/ပမန(နိုင်)၀၂၂၆၄၃ထံမှ ကျွန်တော် ဦးနေလင်းထွန်း ၉/ပမန(နိုင်) ၁၁၇၆၅၄က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။

၃။ ယခုအခါ အထက်ပါမြေကွက်အား အမည်ပြောင်းခြင်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ရုံးလုပ်ငန်းများပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းများ၊ အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများစသော ခိုင်လုံသည့်အထောက်အထားများယူဆောင်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေလင်းထွန်း ၉/ပမန(နိုင်)၁၁၇၆၅၄
ပပ/၂၃၊ အမှတ် ၅၄၊ ၆၇×၆၈ကြား၊ နှင်းဆီလမ်း၊ စက်မှုဇုန် (၁)၊
မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၁၈၄၇၀

အစားအိမ်အူလမ်းကြောင်းနှင့် အသည်းကင်ဆာဆိုင်ရာ ခွဲစိတ်ကုသမှုများအတွက် အဆင်ပြေစွာကုသနိုင်ရန် အကောင်းဆုံးဝန်ဆောင်မှုများ၊ သင့်တင့်သော ကုသစရိတ်များနှင့် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ လူနာများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်-

Myanmar Mystery Land Co., Ltd .

ဖုန်း-၀၉-၇၃၁၅၆၇၇၀၊ ၀၉-၅၀၄၅၂၉၉၊ ၀၉-၅၁၁၇၅၈၄

Automobile & Living Products Show
June 29 to July 2
Jade Crown Ph: 09-7309 8593, 09-7313 8593, 09-4333 1777

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခက်ခဲဒေသများအတွက်
ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကို ရှေးရှု၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့်သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လည်းကောင်း၊ ဆေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ အဆိုပါဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များသို့ ပညာသင်ကြားခွင့်ရရှိရေးအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၂။ **လိုအပ်သောအရည်အချင်း-**

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ ဖြစ်ရမည်။

(ဂ) ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဃ) အခြေခံပညာသင်တန်း (၈တန်း၊ ၉တန်း၊ ၁၀တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်-**

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း**(မူရင်း)**(၁ စောင်)

(ခ) ၎င်းဒေသရှိကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်၊

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသ အာဏာပိုင်များ၏ထောက်ခံချက်၊

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊

(င) ရောင်စုံလိုင်စင်အရွယ်ဓာတ်ပုံ(၂)ပုံ၊

(စ) ဘွဲ့ရရှိပြီးပါက မိမိဒေသတွင် **(၅)နှစ်**မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

၄။ လျှောက်လွှာများကို **၂၇-၇-၂၀၁၂ရက် နောက်ဆုံးထား၍** ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်။

၅။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရောက်ရှိလာသော လျှောက်လွှာများနှင့် အမှတ်စာရင်းများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့မှစိစစ်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

(မှတ်ချက်။ ။ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ)။

၇။ အကယ်၍ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါက ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၃၉ နှင့် ၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ(၈၂၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာပုံစံ

ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
(၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည် (မြန်မာ) ------------------------ ကျား [ ] မ [ ]
(အင်္ဂလိပ်)
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်) ------------------------
၄။ လူမျိုး ------------ ကိုးကွယ်သည့်ဘာသာ ------------
၅။ ဖခင်အမည် ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------
အလုပ်အကိုင် ------------------------
၆။ မိခင်အမည် ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------
အလုပ်အကိုင် ------------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ် ------------ စာစစ်ဌာန ------------
၈။ အောင်မြင်သည့်ခုနှစ် ------------------------
၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ် ------------
၁၀။ အမြဲနေထိုင်သောလိပ်စာ ------------------------

၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် ------------

၁၂။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ------------------------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ ------------------------

မိဘ/အုပ်ထိန်းသူလက်မှတ်

အမည်ပြောင်း

ဦးငွေသိန်း၏သမီး ဒေါ်ငြိမ်းဝင်း ၁၀/သဖရ(နိုင်)၀၆၁၈၁၁အား ယနေ့မှစ၍ ဒေါ်ညိမ်းဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဒေါ်ညိမ်းဝင်း**

သင့်သွေးဖြင့် အသက်ကယ်ပါ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက်ရှိ ဘူတာ(၇၅)ဘူတာ၌ မြေတူး၍ မြေအောက်ကြိုးချသည့်လုပ်ငန်း၊ အချက်ပြတိုင်များထောင်သည့်လုပ်ငန်း၊ ဘူတာအတွင်း Wiring တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းတည်နေရာများ

လုပ်ကွက်	(၁)	ဒါးပိန်	မှ ပဲခူးအထိ	၆ ဘူတာ
လုပ်ကွက်	(၂)	ရွှေလှ	မှ သောင်းတိုင်ကုန်းအထိ	၂၁ ဘူတာ
လုပ်ကွက်	(၃)	တောင်ငူ	မှ ရှမ်းရွာအထိ	၂၉ ဘူတာ
လုပ်ကွက်	(၄)	ညောင်ရမ်းမှ	မန္တလေးအထိ	၁၉ ဘူတာ

တင်ဒါပိတ်မည့် နေ့/အချိန်-၂၀-၇-၂၀၁၂ရက် (သောကြာနေ့) ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄-၆-၂၀၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၉၄

ကားရောင်းမည်

မစ်ဆူဘီရှီ ကန်တာ ၁၀ ပေ
4D. 32 88 Model (က)လိုင်စင်
၈က/၆----ကျော်
ပိုင်ရှင်အမည်ပေါက်
ဖုန်း-၀၉-၈၆၂၆၅၉၊၀၉-၄၂၀၀၀၁၁၈၃

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၁၀၉၃၊မြေကွက်တည်နေရာအမှတ် ၁၀၉၃၊ (၁၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ညွန့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်ကြီးဒေါ်ခင်ညွန့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ချိုချိုဝင်း ၅/ခတန(နိုင်)၀၁၂၁၀၀က ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

နိုင်ငံပိုင်သိမ်းဆည်းထားသည့်ရေယာဉ်(၁၀)စီးအားရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေယာကွက်များစီမံခန့်ခွဲမှု ကော်မတီမှ နိုင်ငံပိုင်သိမ်းဆည်းထားသည့် ရေယာဉ်(၁၀)စီးအား၊ မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ရေယာဉ်(၁၀)စီး၏ အချက်အလက်များအား တင်ဒါလျှောက်လွှာစည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) **နေ့ရက်** - ၁၅-၆-၂၀၁၂ ရက်မှ ၂၅-၆-၂၀၁၂ ရက်အထိ

(ခ) **အချိန်** - နေ့စဉ် ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀ နာရီမှ ၁၅း၃၀ နာရီအထိ

(ဂ) **နေရာ** - (၁)ငါးလုပ်ငန်းဦးစီးဌာနရုံး၊ ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး (၂)ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ နေပြည်တော်

(ဃ) **တင်ဒါတစ်စောင်နှုန်း**-ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ **ရေယာဉ်(၁၀)စီး၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန၊ ကျောင်ဝိုင်းလွှန်းကျင်းဆိပ်ကမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ **အိတ်ဖွင့်တင်ဒါသွင်းရမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာနရုံး (ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး)

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၂ ရက် နံနက် ၉း၃၀ နာရီ

၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** - ၂၆-၆-၂၀၁၂ ရက် နံနက် ၁၀ နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် ရေယာဉ်များရောင်းချခြင်းကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
လက်ပံတန်းမြို့နယ်တရားမရုံး၌ ၂၀၁၂ခုနှစ်
တရားမကြီးမှုအမှတ်-၃၁

ဒေါ်ကြည်မြဝင်း ဒု-ဥက္ကဋ္ဌ၊	**နှင့်**	၁။ ဒေါ်မြင့်အေး
ဓနဖြိုးအသေးစားငွေချေးလုပ်ငန်း၊		၂။ မယဉ်ယဉ်အေး
သမဝါယမအသင်းလီမိတက်		၃။ မရည်မွန်သက်
		၄။ နိုင်လင်းထွန်း၊ ၅။ သူရလှိုင်
တရားလို		**တရားပြိုင်များ**

လက်ပံတန်းမြို့၊ ဗောဓိဂုဏ်၊ မင်းရပ်၊ နယ်မြေ(၂)နေ (၁) ဒေါ်မြင့်အေး၊ (၂) မယဉ်ယဉ်အေး၊ (၃) မရည်မွန်သက်၊ (၄) နိုင်လင်းထွန်း၊ (၅) သူရလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ကြည်မြဝင်းက ဝိုင်းကြီးချုပ်ချေးငွေ ၄၈၀၀၀၀/- ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇွန် ၂၆ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စည်သူကျော် LL.B**

ဒုတိယမြို့နယ်တရားသူကြီး(၃)၊ လက်ပံတန်းမြို့နယ်တရားရုံး

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါက်တာခိုင်စိုးမြင့်
ကထိကဌာနမှူး၊ ဓာတုဗေဒဌာန
တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်
(၁၄-၆-၂၀၁၁) မှ (၁၄-၆-၂၀၁၂)

သားတို့၏ကျေးဇူးရှင်မိခင်၊ ချစ်ဇနီးခိုင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ကွယ်လွန်သူ **ခိုင်**အတွက် ရည်စူးပြီး သံဃာတော်များအား ပစ္စည်းလေးပါးဆက်ကပ်လှူဒါန်းခြင်း၊ တစ်ပါးသူတို့၏ နာရေးကိစ္စများအား အလေးအနက်ကူညီပေးခြင်း၊ သံဝေဇနီယ၊ အဝိဇဟိတလေးဌာနသို့ သွားရောက်ပြီး လှူဒါန်းမှုအစုစုပြုလုပ်ခြင်း၊ ရွှေတိဂုံစေတီတော်၊ ရှင်မကွဲဘုရားအား ရွှေသင်္ကန်းတော်၊ ဆေးသင်္ကန်းတော် မွမ်းမံလှူဒါန်းခြင်းတို့ အပြင် မိတ္ထီလာမြို့နယ်၊မြိုင်သာရွာသောက်သုံးရေရရှိရေးအတွက် နဝရတ်ရေကန်နှင့် တောင်ပေါ်ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ပါသည်။

ပြုပြုသမျှ ကုသိုလ်တို့ကို ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေပါ၏။

ခိုင် ကောင်းရာသုဂတိသို့ လားပါစေ။

ချစ်ခင်ပွန်း- ဦးသန်းထိုက်
(ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)
သား- ကောင်းထိုက်ဦး၊ ရဲမာန်

ကိုမျိုးမောင်မောင်ဦး(ခ)ကြယ်ကြီးနှင့်အများသိစေရန်

ကျွန်မ မချိုမာမြင့်နှင့်ကိုမျိုးမောင်မောင်ဦးတို့သည် ၇-၉-၂၀၁၁ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ မျိုးမောင်မောင်ဦးဘက်မှ ကျွန်မနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မချိုမာမြင့် ၁၂/တမန(နိုင်)၀၉၅၇၈၈

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ တန်ဆောင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ငြိမ်း)

ကြည်း-၈၀၅၇၊ O.T.S (21)

အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)

လယ်ဝေး၊ ပြည်

အသက်(၈၂)နှစ်

လယ်ဝေးမြို့နေ (ဦးခေမာ-ဒေါ်ရွှေမြင့်)တို့၏သား၊ ရေစကြိုမြို့နေ (ဦးဘသန်း-ဒေါ်စောရင်)တို့၏သားသမက်၊ ပြည်မြို့၊ (၃/၂၄) နဝင်းကွက်သစ်၊ ရွှေတစ်ချောင်းလမ်းနေ [ဒေါ်ကြင်မြ(ခ)ဒေါ်စံမေ]၏ခင်ပွန်း၊ ဦးကျော်ဆွေ (ရုံးမှူး၊ ကောင်းမြတ်ကုမ္ပဏီ)-ဒေါ်ခင်ဒါလီဆွေဝင်း၊ ဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း) (ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်သန်းသန်းငွေ၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ပင်လောင်း)-ဒေါ်နုနုယဉ်(JAT၊ ငြိမ်း)-ဒေါ်ယုယုငွေ(SAT၊အထက-၃၊ ပြည်)၊ ဦးတင့်အောင်၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း)(သတ္တုတွင်းဝန်ကြီးဌာန)-ဒေါက်တာကေခိုင်မျိုး(ကထိက၊ ဆေး၊မန်း)တို့၏ဖခင်၊ မောင်မောင်ကျော်ထိုက်(ဧည့်လမ်းညွှန်၊ ဂျာမန်)-မဆွေဆွေမြင့်၊ ဗိုလ်မှူးသက်ထွဋ်ဇော်-မသီသီဆွေ(ခေတ္တ-အင်ဒိုနီးရှားသံရုံး)၊ ကိုသက်အောင်(ဧည့်လမ်းညွှန်)-မချိုချိုမာ၊ ဗိုလ်မှူးမင်းသန့်လွင်(ဒုတပ်ရင်းမှူး)-မနှင်းအိလတ် (Ph.D, Candicate)၊ ကိုစစ်အောင်လတ်(ဒုဦးစီးမှူး၊ ထွေ/အုပ်)-မသက်သက်ယဉ်မြင့် B.C.Sc (Hons; LCCI Level I, II)၊ ဗိုလ်လောင်းမင်းသန့်ထိုက် (D.S.A)၊ မောင်ဖုန်းမြတ်ယဉ်မြင့်(G-9၊ ထ-၁၊ ပြည်)၊ မရှင်မင်းဝေ(G-6၊ ထ-၂၊ ကမာရွတ်)တို့၏အဘိုး၊ ကောင်းကောင်း၊ မင်းခန့်၊ ကဲကဲ၊ သဲသဲတုန်၊ ဘေဘီမင်းသန့်လွင်တို့၏ဘိုးဘိုးကြီးသည် ၁၀-၆-၂၀၁၂ရက် ၁၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့အေးငြိမ်းရာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ငြိမ်း)

ကြည်း-၈၀၅၇

အမျိုးသားညီလာခံကိုယ်စားလှယ်(ညောင်နှစ်ပင်)

လယ်ဝေး/ပြည်

အသက် (၈၂)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်-ဒေါ်နုနုယဉ်(ပင်လောင်း)တို့၏ဖခင်သည် ၁၀-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **တေဇ(၁၀)မှ သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (ငြိမ်း)

ကြည်း-၈၀၅၇၊ O.T.S (21)

အသက်(၈၂)နှစ်

ဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း) (ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်သန်းသန်းငွေတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)သည် ၁၀-၆-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၈)မှ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဖွားသန့် (မြို့သစ်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၃၂(လေးထပ်)နေ ဦးသောင်းရွှေ (လစ်ဘရယ်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ဇနီး၊ ဦးသက်ချိုဦး-ဒေါ်မာလာရည်၊ ဦးညီညီလွင်-ဒေါ်နွေဦးခင်(ခေတ္တ-Sidney)၊ ဦးစိုးလင်း-ဒေါ်နိုင်နိုင်မော်တို့၏မိခင်၊ မမေမွန်သက်ချို၊ မရွှန်းဝေရည်၊ မသွန်းဟဏ်ညီ(အထက-၂၊ လသာ)တို့၏အဘွားသည် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၂နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာစီမံကိန်း၊မြေတိုင်းရပ်ကွက်အမှတ် ၁၁၀၊ မြေကွက်အမှတ် ၁၅၆၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား အမည်ပေါက် ဦးရဲမြင့် ၈/မကန(နိုင်)၀၁၄၂၈၈မှ မြေငှားစာချုပ်ဂရန်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ဂရန်(မူရင်း)အားပယ်ဖျက်၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၈၉၈၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား အမည်ပေါက် ဦးအောင်ဇော် ၈/မကန(နိုင်)၁၁၂၆၂၉၊ ဒေါ်သီဂီ ၇/သကန(နိုင်)၀၀၀၅၅၉၊ ဒေါ်ကေခိုင် ၈/မကန(နိုင်)၁၁၂၇၅၂တို့မှ မြေငှားစာချုပ်ဂရန်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ဂရန်(မူရင်း)အား ပယ်ဖျက်၍ မြေငှားစာချုပ်(ဂရန်) မိတ္တူမှန်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ခင် (ချောက်)

အသက်(၉၃)နှစ်

ချောက်မြို့၊ အလယ်ဓမ္မာရုံရပ်နေ (ဦးအုန်းမောင်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးစိုးမြင့်-ဒေါ်မြင့်ဦးလှိုင်)၊ ဦးအောင်စိုးတင့်(မြို့နယ်တရားသူကြီး၊ ချောက်)-ဒေါ်မြမော်မော်တို့၏မိခင်၊ မောင်ထက်စိုးလင်း၊ မောင်သုတမြင့်၊ မောင်အောင်ခန့်သော်၊ မောင်သော်ဇင်အောင်၊မောင်စွမ်းပြည့်အောင်တို့၏အဘွားသည် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၇နာရီတွင် ချောက်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့)တွင် ချောက်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင် (ချောက်)

အသက်(၉၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တရားသူကြီး ဦးအောင်စိုးတင့်၏မိခင် ဒေါ်ခင်သည် ၁၃-၆-၂၀၁၂ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ်၊
တရားလွှတ်တော် တရားသူကြီးများ၊
မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့်
ခရိုင်နှင့်မြို့နယ် တရားသူကြီးများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဦး

အသက်(၈၇)နှစ်

ပြင်ဦးလွင်မြို့နေ ဒုတိယဗိုလ်မှူးကြီးဘဏ်လင်း(ငြိမ်း)-ဒေါ်ခင်သန်းနွယ်တို့၏ဖခင်ကြီး ဦးလှဦး အသက်(၈၇)နှစ်သည် ၈-၆-၂၀၁၂ရက်တွင် မြစ်သားမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၈)မှ
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးမောင်

အသက်(၈၃)နှစ်

ဦးသန်းနိုင် [ဒုတိယညွှန်ကြားရေးမှူး (ဖြည့်တင်းရေးဌာနခွဲ) ဆည်မြောင်းဦးစီးဌာန]၏ဖခင် ဦးအေးမောင် အသက်(၈၃)နှစ်သည် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်
ဝန်ထမ်းမိသားစုများ၊ ဆည်မြောင်းဦးစီးဌာန

ဒေါ်တင်မြင့် (မြို့နယ်စာရင်းစစ်မှူး၊ ငြိမ်း)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ပိုင်းရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၉၅ (A-2) နေ (ဦးယုခိန်-ဒေါ်အုန်းသွင်)တို့၏သမီး၊ ဦးဖေဆန်း(ဘဂရေ၊ ငြိမ်း)၏ဇနီး၊ ဦးမိုးကျော်အောင်-ဒေါ်ယင်းမာ၊ မောင်အောင်ကိုကို၊ မောင်သူရဇော် [ရန်ကုန်ဆေးတက္ကသိုလ်-၁၊ နောက်ဆုံးနှစ်၊ အပိုင်း(ခ)]တို့၏မိခင်၊ ဟိဏ်းဖြိုးကွယ်၏အဘွားသည် ၁၃-၆-၂၀၁၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လီငုတ်ရှု

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၉၉၊ ပထမထပ်(ဝဲ)နေ ဦးချူဖောင်ယု၏ဇနီး၊ ဒေါ်ရှုဆုံ-ဦးဖိုးသာအောင်၊ ဒေါက်တာချူပက်နီ B.D.S (RGN) D.D.S (Newyork)-ဒေါ်အေမီတို့၏မိခင်၊ မောင်အောင်အောင်၊ မောင်အေးချမ်းမောင် (Brain Jhu)၊ မဖြူသန့်ကြည် (Jessica Yu Chu)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၂ရက် နံနက် ၄း၄၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးစောလွင်(ခ) စောအိတ်တျောင်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၃၈၆ (လေးထပ်)နေ (ဦးကျင်စိန်-ဒေါ်နီ)တို့၏သား၊ ဒေါ်မေရင်၏ခင်ပွန်း၊ ဒေါက်တာခင်သက်ဝါ (MO၊ ရွှေဇီဝအထူးကုဆေးခန်း)-ကိုဇော်ဇော်အောင်၊ (စောယာလင်း)တို့၏ဖခင်၊ မောင်ဟိန်းမင်းအောင်[G-V (F) ဒဂုံ-၁]၊ မခင်မေမေအောင်[G-I (A) အမက-၁]၊ လသာတို့၏အဘိုးသည် ၁၂-၆-၂၀၁၂ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက်တွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်မြင့် (ဦးစီးအရာရှိ၊ ငြိမ်း၊ ကညန)

အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နယ်၊ မဲဇလီရွာမနေ ဦးအောင်ရှင်-(ဒေါ်သန်းကျင်)တို့၏သား၊ ဒေါ်ထားမြင့်၊ ဦးတင်ဝင်း-ဒေါ်လှထွေး၊ ဒေါ်မြစိန်တို့၏ညီ/မောင်၊ ဦးကျော်စိုး-ဒေါ်ကြင်လှိုင်၊ ဦးသိန်းဝင်း-ဒေါ်မိုးမိုးအေးတို့၏အစ်ကို၊ ကိုအောင်သူထွန်း-မမေသူစိုးတို့၏ဖခင်၊ မောင်သူရအောင်၊ မရတီထက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၅)လမ်း၊ အမှတ် ၉၁-Aနေ ဒေါ်စီစီငွေ(ဒုတိယဦးစီးမှူး၊ ငြိမ်း၊ ကညန၊ အင်းစိန်)၏ခင်ပွန်းသည် ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၄း၅၀နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဦးသန်ချောင်း(ခ) ဦးသိန်းထွန်း(ခ)အောင်ပိန်းဗိုး

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊(၁)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၆၅နေ (ဦးအောင်ကျင်တိတ်-ဒေါ်လေယာ)တို့၏သားကြီး၊ ဝါးခယ်မမြို့နယ်၊ အောက်ဝဲကျေးရွာနေ (ဦးကီ - ဒေါ်လှရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁၂)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ် ၂၀၈နေ ဒေါ်ရွှေကြည်၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်ခင်ခင်ရီ၊ (ဦးကျော်ကျော်ဦး)-ဒေါ်ကျော့စိန်၊ ဦးတင်ဝင်း-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်အေးကြူ၊ ဦးငွေအောင်-ဒေါ်သင်းသင်းခိုင်တို့၏အစ်ကိုကြီး၊ ကိုအောင်ထွန်းဦး-မခင်အေးဆင့်ခိုင်၊ ကိုမျိုးမင်းအောင်၊ မသူဇာအောင်တို့၏ဖခင်၊ မလင်းလက်ရွှေရည်၏အဘိုးသည် ၁၃-၆-၂၀၁၂ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်လှလှမြင့် (သထုံ)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၁)လမ်းအမှတ် ၄-ကနေ (ဦးလှအောင်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်အုံးမြိုင်)တို့၏သမီးချွေးမ၊ (ဦးသိန်းကြည်၊ စစ်/ကိုယ်)၏ဇနီး၊ ဦးခင်မောင်ကြည်-[ဒေါ်မိမိကြီး(ခ) Nelly]၊ ဒေါက်တာစိန်ဟန်၊ [ဒေါ်မိမိလတ်(ခ) Baby]၊ [ဒေါ်မိမိလေး(ခ) Rosy]၊ ဦးကျော်စွာသိန်း(ခ) Charles [ဒေါ်နီလာသိန်း(ခ)Betty]၊ ဒေါ်မာလာသိန်း(ခ) Nancy၊ ဦးလှသိန်းစံ(ခ) Winston -ဒေါ်ခင်အေးမြင့်၊ ဦးသိန်းကျော်အောင်(ခ)Andrew - ဒေါ်အေးသန္တာသွယ်၊ဒေါ်ပိုင်ပိုင်ထွန်း၊ဒေါ်သီတာသိန်း(ခ)Nyome၊ ဦးကျော်စည်သူသိန်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

သင်းထောက်ကြီး ဦးဖေရမ်ဖုန်

ပညာရေး(ငြိမ်း)၊မချမ်းဘောမြို့နယ်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်၊ ခရေလမ်း၊ အမှတ် ၁၆နေ (ဦးဖေရမ်ဖုန်ဆန်း-ဒေါ်ဖုန်ဒါနွှန်)တို့၏သား၊ ဒေါ်အင်ခွမ်ကော့၏ခင်ပွန်း၊ ဒေါ်ဖေရမ်ခေါ်န်ဆားရ်-Mr. Masahiru Tasaka၊ ဒေါ်ဖေရမ်နင်ရမ်-ဦးလန်ဝမ်ဒီးဇိ၊ ဦးဖေရမ်ဇော်နန်-ဒေါ်အင်ချုပ်ချန်ဘိုင်း၊ ဒေါ်ဖေရမ်ချန်ဆိုင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၂ရက် နံနက် ၈း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၆-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟတို့အားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီ ဦးအေးမောင်

ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

အလက(၂)လားရှိုးမြို့

(ဥဿျောင်နာယက)

မြန်မာမွတ်စလင်

အမျိုးသားရေးရာအဖွဲ့ချုပ်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ရွှေပိတောက်ရိပ်မွန်၊အမှတ်(N/2)နေ (ဟာဂျီ ဦးလှပေါ်-ဟာဂျီမဒေါ်လှမေ၊ မန္တလေးမြို့)တို့၏သား၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဦးသန်းနိုင်(ဒုညွှန်မှူး၊ ဆည်မြောင်း)-ဒေါ်ဝင်းပပကျော်၊ ဒေါ်သီတာအေး-ဦးမင်းနိုင်၊ ဦးဝင်းနိုင်၊ ဒေါ်စန္ဒာအေး-ဦးသက်ထူးမောင်တို့၏ဖခင်၊ မနှင်းနန္ဒာအေး၊ မဇင်မာနိုင်၊ မခင်ရတနာအေး၊ မောင်နိုင်လင်းမောင်၊ မောင်ဝေယံနိုင်တို့၏အဘိုးသည် ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်မှရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖနာမည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

မချိုချိုအောင်

အသက်(၃၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၇၊ရှမ်းလိမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးအောင်-ဒေါ်စန်းမြင့်တို့၏သမီးကြီး၊ မယဉ်ယဉ်လတ်-ဒေါက်တာ Sun Jing၊ ကိုခင်ကို-ဒေါက်တာခိုင်ဆုမွန်၊ ဒေါက်တာစုစုထွေး-ဒေါက်တာကျော်လင်းထွန်းတို့၏အစ်မ၊ မ Chung Chung ၏အဒေါ်သည် ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၂၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွှန့်မောင်

မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အင်းစိန်မြို့နယ်၊ YCDC

(မြို့မကျောင်းသားဟောင်း)

အသက်(၉၆)နှစ်

တောင်ငူမြို့နေ (ဦးပန်းအောင်-ဒေါ်ကြင်မေ)တို့၏သား၊ တိုက် ၆၊ အခန်း ၂၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ညိမ်းယဉ်)၏ခင်ပွန်း၊ ဦးဟန်ညိမ်း(ပဲခူးတိုင်းဒေသကြီး၊ ဥပဒေအရာရှိ)-ဒေါ်သန်းသန်းငွေ၊ ဒေါက်တာမြတ်မင်း-ဒုတိယဗိုလ်မှူးကြီးဒေါ်မြင့်မြင့်(ငြိမ်း)၊ (ဦးဇော်မြင့်)-ဒေါ်စန်းစန်းငွေ၊ ဦးသာဒင်၊ ဦးခင်မောင်ကြည်-ဒေါ်လှလှမော်(ခေတ္တ-စင်ကာပူ)၊ ဦးအောင်စိုးပိုင် (Panasonic Battery)-ဒေါ်စန်းစန်းမြင့် (ဌာနစုမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်ချိုချိုညွှန့်(ထ-၄၊ ဗိုလ်တထောင်)၊ ဦးဝင်းနိုင်-ဒေါ်သီတာ(မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါပုဇွန်တောင်မြို့နယ်အိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွှန့်မောင်

မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အင်းစိန်မြို့နယ်၊ YCDC

(မြို့မကျောင်းသားဟောင်း)

အသက်(၉၆)နှစ်

တောင်ငူမြို့နေ (ဦးပန်းအောင်-ဒေါ်ကြင်မေ)တို့၏သား၊ တိုက် ၆၊ အခန်း ၂၀၃၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ညိမ်းရင်)၏ခင်ပွန်း၊ ဦးဝင်းထွဋ်(အမှုဆောင်အင်ဂျင်နီယာ2၊ YESB)-ဒေါ်ခင်သပြေစု(အမှုဆောင်အင်ဂျင်နီယာ2၊ YESB)၊ Mr. Samec -ဒေါ်သွဲ့သွဲ့ယဉ်စု(Horizon School)၊ ဗိုလ်မှူးအောင်ဖြိုး(ငြိမ်း)(မန်နေဂျာ၊ မစဘ)-ဒေါ်သဇင်မြင့်မြတ်(ဦးစီးအရာရှိ၊ ပတခ)၊ ဗိုလ်ကြီးမင်းဟန်-ဒေါ်မို့မို့ဘဏ်ခင်၊ ဦးဘဏ်မြတ်မင်း(ဟိုတယ်/ခရီး)-ဒေါ်ခင်စန္ဒီကျော်စွာ၊ မမိုးမြတ်မင်း(အလုပ်သင်ဆရာဝန်)၊ ဗိုလ်ကြီးထူးဇော်လင်း(ငြိမ်း)၊ ဦးဆန်းဇော်ထွဋ်၊ မသစ်သစ်ဝေဇော်(MKT Construction Co., Ltd.)၊ မောင်နေမျိုးအောင်(ခေတ္တ-စင်ကာပူ)၊ ကိုဇေယျာထွန်း၊ မောင်ရှင်းသန့်နိုင်တို့၏အဘိုး၊ မောင်တိုးလွင်ရှိန်၊ မစန္ဒာ၊ မောင်ကောင်းဆက်လင်းတို့၏အဘိုးသည် ၁၁-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ရန်ကုန်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါပုဇွန်တောင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်မြင့်

ပါတီဗဟိုကော်မတီဝင်

ရန်ကုန်တိုင်းဒေသပါတီကော်မတီ(ငြိမ်း)

လမ်းမတော်မြို့နယ်

ပါတီယူနစ်ဥက္ကဋ္ဌ(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မနော်ဟရီရိပ်သာ၊ တိုက်အမှတ်(K)၊ အခန်းအမှတ် ၁၀၆/၁၀၇နေ(ဦးသော်ဇင်-ဒေါ်ဖွားရီ)တို့၏သားကြီး၊(ဦးသိန်းဟန်-ဒေါ်စိန်ညွှန့်)တို့၏သားသမက်၊ ဒေါ်ညိုညို၏ခင်ပွန်း၊ ကိုသူရအောင်၊ မခိုင်မာမာအောင်တို့၏ဖခင်၊ (ဦးမျိုးညွှန့်)-ဒေါ်မြင့်မြင့်အေး၊ (ဒေါ်မေရီသော်)-ဦးတင်ထွဋ်(KMA)၊ ဦးငွေဝင်း-ဒေါ်ခင်နွဲ့ဝင်း၊ ဦးငွေလင်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးသီဟ-ဒေါ်စန်းစန်းအေးတို့၏အစ်ကိုကြီးသည် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဟာဝါဘီ(ခ)ဒေါ်ဝါဝါ

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၂၂နေ(ဟာဂျီဦးရှကူးရ်-ဟာဂျီမဒေါ်ခင်နန်း)-ဟာဂျီမဒေါ်ရီ(ဟာဂျီဦးမာမက်ခန်း-ဟာဂျီမဒေါ်ရွှေ)တို့၏မြေး၊ ဟာဂျီ ဦးကိုကိုကြီး-ဟာဂျီမ ဒေါ်ကြူတို့၏သမီးလတ်၊(ဟာဂျီဦးမူဆာ-ဟာဂျီမဒေါ်အမာဇီ)တို့၏သမီးချွေးမ၊ (ဟာဂျီဒေါက်တာအောင်သန်း၊ မန္တလေး)၏ဇနီး၊ ဒေါ်ဖြူဖြူ၏ညီမ၊ ဟာဂျီမဒေါ်နီနီ-(ဟာဂျီဦးကျော်မင်း)၊ ဦးမောင်မောင်-ဒေါ်ချိုချိုမော်၊ ဦးစံမောင်-ဒေါ်လွင်လွင်ချို၊ (ဟာဂျီဦးစံလင်း)-ဒေါ်ဆွေဆွေဝင်း၊ (ဟာဂျီဦးဇော်လင်းအောင်)၊ ဒေါ်ချိုစိမ်းစိမ်းကို-ဟာဂျီဦးမောင်မောင်လွင်၊ ဦးဥက္ကာကို-ဒေါ်ကေသွယ်အောင်၊ ဒေါ်ညိုညိုထွေးတို့၏အစ်မ၊ ကိုသူရကိုကိုအောင်-မလွင်မာဟန်၊ ဟာဂျီ ကိုသီဟညီညီအောင်-ဟာဂျီမမျိုးမျိုးအေး၊ မသီရိပန်းဝါအောင်-ကိုစောထွေးမြင့်၊ မသီဂီနန်းဝါအောင်-ကိုမင်းမင်းထွန်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့) ည ၁၀း၂၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နေ့လယ် ဇဟိုရ်နမားဇ်အပြီး မအူကုန်းလမ်းကျယ် စွန္နီဂျာမေဗလီတွင် ဂျနာဇာနမားဇ်ဖတ်ပြီး ရေဝေးစွန္နီကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးကျော်သန်း

စား/ထွေ(ငြိမ်း) (ပဲခူး)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၃၊ အခန်း ၅၀၂နေ(ဦးအုန်းမောင်-ဒေါ်ခင်ညွှန့်)၏သား၊ (ဦးဘလှိုင်-ဒေါ်စောညွှန့်)တို့၏သားသမက်၊ (ဦးအောင်ကြည်-ဒေါ်မြင့်ဆွေ)တို့၏မောင်၊ (ဒေါ်စန်းလှမြင့်)၏ခင်ပွန်း၊ ဦးစိုးမြင့်-ဒေါ်စိန်ဝင်းလှိုင်၊ ဦးချိန်ပို-ဒေါ်ခင်ညိုလှိုင်၊ ဦးတင်ဝင်း-ဒေါ်အေးသိန်း၊ဒေါ်ရီရီမြ၊ဦးအောင်မြင့်၊ ဦးသိန်းထွဋ်၊ ဦးအောင်မင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏အစ်ကို၊ ဦးစိုးသန်းဦး-ဒေါ်စန်းယုကြည်၊ ဦးတင်ထွန်း-ဒေါ်ဥမ္မာကြည်၊ ဦးအောင်မျိုးမြတ်တို့၏ဦးလေး၊ ဦးဆန်းနိုင်ဦး-ဒေါ်ညွှန့်ညွှန့်သန်း၊ ဒေါ်အိအိခိုင်တို့၏ဖခင်၊ မောင်ဟန်ဝဏ္ဏထွန်း၊ မသင်းကြည်ပြာတို့၏ဘိုးလေး၊ မောင်အောင်ကိုကိုဟိန်း၊ မောင်ထက်ဝေဖြိုးအောင်တို့၏အဘိုးသည် ၁၃-၆-၂၀၁၂ရက်နံနက် ၁၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညိုမြင့်

(စိန်အိုးစည် အီလက်ထရွန်နစ်)

အသက်(၇၄)နှစ်

(ဦးချစ်စိန်-ဒေါ်ကျင်စိန်)တို့၏သားထွေး၊ (ဦးမောင်ခင်)၊ (ဦးခင်ဖိုင်း)၊ ဒေါ်ညွှန့်ခင်၊ (ဒေါ်မြ)တို့၏ညီမောင်၊ ဒေါ်စန်းစန်းကြည်၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဦးကျော်ဆန်း-ဒေါ်တိုးတိုးဝင်း၊ ဒေါ်လွဲ့လွဲ့ဝင့်၊ ဒေါ်နီနီဝင့်၊ မစုစန္ဒီဝင့်တို့၏ဖခင်၊ မအိနှင်းသန့်အိမ်၊ မဆုပြည့်နှင်းသန့်တို့၏အဘိုးသည် ၁၂-၆-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ် ၆၉၆ (A)၊ ဇောတိကလမ်း၊ ၁၆/၄၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ရခိုင်ပြည်နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ အလှူငွေများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် ပြည်နယ်သူ ပြည်နယ်သားများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရောဝတီယူနိုက်တက် FC ဥက္ကဋ္ဌ ဦးရန်ဝင်း၊ နေပြည်တော် FC ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း၊ ဇွဲကပင်ယူနိုက်တက် FC အသင်းပိုင်ရှင် ဦးလှဌေး၊ ချန်ဟိန်းကုမ္ပဏီလီမိတက်မှ ဦးကျော်ဟိန်း၊ အောင်မြင်သူကုမ္ပဏီအုပ်စုမှ ဦးစောငြိမ်း၊ ဦးလှမျိုးနှင့် ရောဟသ်ာကုမ္ပဏီမှ ဦးဇော်ဝင်းရှိန်၊ ရက္ခပူရယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်မင်းသိန်း၊ ရတနာပုံ FC အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ ဇေယျာရွှေမြေ FC ဥက္ကဋ္ဌ ဦးသူရိန်၊ ဟံသာဝတီယူနိုက်တက်အသင်းပိုင်ရှင် ဦးအောင်မိုးကျော်၊ မောရဝတီအသင်းဥက္ကဋ္ဌ ဦးဝမ်စိန်နှင့် Kan Kul Engineering Group မှ ဦးဇေယျသူရမွန်တို့က ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြရာ စုစုပေါင်းလှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း ၄၂၀၀ ဖြစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးအသင်းပိုင်ရှင်များစုစည်း၍ လာရောက်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလူချေက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အလှူရှင်များသည် တိမ်းရှောင်လာသူများအား ယာယီနေရာချထားပေးသည့်နေရာများသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်ထံ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေကျပ်သိန်း (၁၀၀၀) ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ ဇွန် ၈ ရက်မှစ၍ နယ်မြေခံတပ်ရင်းများသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဗုဒ္ဓနေ့ညပိုင်းမှစ၍ ဖြစ်စဉ်ဖြစ်ပွားရာနေရာများသို့ရောက်ရှိပြီး လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးခြင်း၊ ***စာမျက်နှာ ၇ ကော်လံ ၁*** ❐

ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ်အတွင်း ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း
One Stop Service ဖြင့် ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပိုင်ကျုံမြို့နယ် မိုးပွင့်အဆင့်(၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ One Stop Service ဖြင့် အခမဲ့ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ Norwegian Refugee Council (NRC) မှ Country Director, Mr.Christopher Bleers နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင် ပိုင်ကျုံမြို့ရှိ ဌာနဆိုင်ရာ စုပေါင်းရုံးသို့ ရောက်ရှိကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက မိုးပွင့်အဆင့်(၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ One Stop Service ဖြင့် အခမဲ့ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ❖

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ဒုတိယပွဲစဉ် ပေါ်တူဂီတို့ နိုင်ပွဲရပြီး သုံးမှတ်အပြည့်ရယူ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

အယ်လ်ဗီဗ် ဇွန် ၁၃

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(ခ)မှ ဒုတိယပွဲစဉ်အဖြစ် ဒိန်းမတ်နှင့် ပေါ်တူဂီတို့ ယူကရိန်းနိုင်ငံ အယ်လ်ဗီဗ်မြို့ရှိ ပရိသတ် ၃၄၉၁၅ ဦးဆံ့သော အရီနာအယ်လ်ဗီဗ် အားကစားရုံ၌ ဇွန် ၁၃ ရက်က ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီတို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

တာဝန်ယူကြီးကြပ်

ယခုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် စကော့တလန်မှ ကရင်းသွန်ဆင်က တာဝန်ယူကြီးကြပ်ခဲ့သည်။ ဒိန်းမတ်အသင်းနည်းပြ မာတင်အိုအိုလ်ဆင်က ဒိန်းမတ်အသင်းကို ၄း၂း၃း၁ အခင်းအကျင်းဖြင့် ပွဲထွက်စေခဲ့ပြီး ပေါ်တူဂီနည်းပြ ဘင်တိုကလည်း ပေါ်တူဂီအသင်းကို ၄း၃း၃ ဗျူဟာဖြင့် ကစားစေခဲ့သည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ●

ပေါ်တူဂီမှပီပီ ဒိန်းမတ်အသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူစဉ်။

မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ

ကုန်းနှင့်ရေနှစ်မျိုးစလုံးမောင်းနှင်နိုင်သည့် မီးခိုးလုံးဝမထွက်သောမော်တော်ကားထုတ်လုပ် စာ-၄

နီပေါနိုင်ငံတွင် မုတ်သုံအဝင်နောက်ကျ အပူချိန်မြင့်တက်ပြီး အပူလှိုင်းကျရောက် စာ-၅

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ရာဖေးလ်နာဒယ် အနိုင်ရဗိုလ်စွဲ စာ-၅